# သမိုင်းတွင် အကြီးမားဆုံးသတင်းပေါ်ပေါက်ခြင်း

ချီကာဂို၊ အီလီနွိုင်းစ်၊ အမေရိကန်။

၆၁ - ၀၄၂၄

1 ၁။ ဆုတောင်းရန်အတွက်ခေတ္တမတ်တပ်ရပ်နေကြပါစို့။ ကောင်းကင်ဘုံရှင်အဖ၊ ယနေ့ည ကိုယ်တော်၏ကရုဏာတော်ပလ္လင်ကို ကျွန်တော်တို့ချဉ်းကပ်သောအခါ ကရုဏာတော်ပလ္လင်ရှိသောကြောင့်ကျွန်တော်တို့ကျေးဇူးတင်ပါသည်။ ကျွန်တော်တို့ တရားပလ္လင်ရှေ့လာရမည်မှာကြောက်မက်ဖွယ်ဖြစ်ပါသည်။ သို့သော် ခရစ်တော်က ဤအရာအားလုံးကိုရင်ဆိုင်ခဲ့ရပြီးဖြစ်ပါသည်။ ကျွန်ုပ်တို့အတွက် တရားမျှတမှု- ကျွန်ုပ်တို့အဖနှင့်ပြန်၍သင့်မြတ်စေပါသည်။ ယခု ကျွန်တော် တို့ကရုဏာတော်၌လာ၍ကိုယ်တော်ကိုတောင်းလျှောက်၍ ကိုယ်တော်၏နှုတ်ကပတ်တော်ကို အတည်ပြုရန် ယနေ့ညကျွန်ုပ်တို့နှင့်တွေ့ဆုံရပါမည်။ ကျမ်းစာဆိုထားပါသည်။ ‘နှစ်ဦးသုံးဦးခန့်ငါ၏နာမ၌စုဝေးလျှင်သူတို့အလယ်မှာငါရှိမည်’ ဟုဆိုပါသည်။ဤကတိတော်အတွက် ကျွန်တော်တို့ကျေးဇူးတင်ပါသည်။ ကိုယ်တော်ကတိတည်ကြောင်းလည်း ကျွန်တော်တို့သိပါသည်။

2 ၂။ လမ်းမှာရောက်နေသူများကိုကောင်းချီးပေးရန် ကျွန်တော်တို့ဆုတောင်းပါသည်။ သူတို့ကို ခွန်အားပေးတော်မူပါ။သူတို့ ယနေ့ညဆက်ကပ်၍ အားလုံးထွက်လာကြပြီး ဤသို့မိုးရွာ၍လေတိုက်သောညမှာရောက်လာရန်ဆုတောင်းပါ သည်။ ကိုယ်တော်ကို သူတို့၏လေးစားမှုများကိုဖော်ပြပြီးကိုယ်တော်၏မေတ္တာကို သိစေပါသည်။ ဖျားနာသူများကို ကောင်းချီးပေးပါ။လိုအင်နေသူများအတွက် ယနေ့ညဆုတောင်းပေးပါတယ်အဖ။ ဘာရောဂါပဲဖြစ်ဖြစ် ပျောက်ကင်းစေပါ။ကိုယ်တော် ရှင်ရှေ့တော်မှောက်မှာ ကျန်းမာစေပါ။

ယနေ့ညကိုယ်တော်ကိုမသိသေးသောသူများကိုကောင်းချီးပေးတော်မူပါ။ ကိုယ်တော်ကိုရှာနိုင်သော ကောင်းချီးပေးတော်မူပါ။ သူတို့စိတ်နှလုံးများကို ကိုယ်တော်ထံပြောင်းလဲစေပါ။ ဤအဆောက်အဦထဲမှမထွက်ခွာမီ မစတော်မူပါ၊ ကိုယ်တော်။

သင်၏အစေခံကျွန်များ၊ အမှုတော်ဆောင်များ၊ဧဝံဂလိဆရာများ ဒီအစည်းအဝေးပွဲမှာ ရောက်နေသူအားလုံးနှင့် တခြားနေရာရောက်နေသူများကိုကောင်းချီးပေးပါ။ သန့်ရှင်းသောဝိညာဉ်တော်ကျွန်ုပ်တို့အသက်တာများနှင့်ရှိတော်မူပြီး အခြားသူများကိုလည်းတွေ့မြင်၍ရရှိရန်ဆာငတ်စေပါ။ ယေရှုနာမ၌ ဆုတောင်းပါတယ်၊ အာမင်။ ထိုင်နိုင်ပါပြီ။

3 ၃။ ယနေ့ညကျမ်းစာဖတ်ရန်မှာ- အနည်းငယ်နောက်ကျသဖြင့် သတင်းစကားထဲသို့တိုက်ရိုက်ရောက်နိုင်ရန်အ တွက်- ရှင်လုကာခရစ်ဝင်ကျမ်း အခန်းကြီးနှစ်ဆယ့်လေး၊အငယ်သုံးဆယ့်နှစ်ကို ဖတ်ပါမည်။

တပည့်တော်တို့ကလည်း လမ်းခရီး၌ငါတို့နှင့်ဟောပြော၍ ကျမ်းစာအနက်ကို ဖွင့်ပြတော်မူသောအခါ ငါတို့စိတ်နှလုံးသည်ယိုဖိတ်မတတ်ဖြစ်သည်မဟုတ်လောဟု အချင်းချင်းပြောဆိုကြ၏။

ယနေ့ည ကျွန်ုပ်တို့၏ကျမ်းချက်မှာ ‘သမိုင်းတွင်အကြီးမားဆုံးသတင်းပေါ်ပေါက်လာခြင်း’ဖြစ်၍ ကျွန်တော်၏ အကြောင်းအရာမှာ ‘လာပါ၊ယုံကြည်ပါ၊ သွားပါ’ ဖြစ်သည်။

4 ၄။ ရှင်ပြန်ထမြောက်ပြီးနောက်ကမ္ဘာမြေကြီးပေါ်မှာ ကျွန်ုပ်တို့၏သခင်က ရက်ပေါင်းလေးဆယ်တပည့်တော်များနှင့်အခြားသူများကို ထင်ရှားပြသသည့် ကြီးမား၍ဘုန်းထင်ရှားလှစွာသောရက်များကိုကျွန်တော်အံ့ဩမိပါသည်။ အချိန်များ စွာရပ်၍ စဉ်းစားမိပါသည်။ ‘ကျွန်တော်တို့နေရာမှာရှိပြီးကြီးမားသောမျှော်လင့်ချက်ဖြင့်- သူ့အားမျက်နှာချင်းဆိုင်လမ်းချိုးလမ်းကွေ့တိုင်းမှာ တွေ့နိုင်ပါသည်။ ရှင်ပြန်ထမြောက်တော်မူသော သခင်ယေရှုဖြစ်သည်။’ သူ့အားဆုံတွေ့ရန် မည်မျှဝမ်းမြောက်ဖွယ်ဖြစ်ပါမည်နည်း။ သူမည်သူမည်ဝါဖြစ်ကြောင်းသိရသည်မှာလည်း ကြီးမြတ်လှပါသည်။

ဒုတိယအတွေးအားဖြင့် ဤသူများကိုယ်တော်ကိုဤသို့ဆုံတွေ့ရသောအခါ မည်မျှဝမ်းသာကြပါသနည်း။ (ဧမောက်မြို့သို့ သွားရာလမ်းမှာကယောဖနှင့် သူ၏မိတ်ဆွေဖြစ်ပါသည်။) ... တစ်နေ့တို့ သူတို့နှင့်သူစကားပြောသည်။သူတို့က ကိုယ်တော်ကို မမှတ်မိပါ။

ထိုညက ကိုယ်တော်က သူတို့နှင့်တွေ့ပြီးသူတို့နှင့်အတူသွားလာခဲ့ပါသည်။ ၄င်းနောက် သူတို့ကိုထားခဲ့ခြင်းဖြင့် တည်းခိုရာနေရာတစ်ခုခုသို့သွားခဲ့ပါသည်... သူဆက်နေရန် သူတို့တပြောပြောဖြင့် နောက်ဆုံးမှာသူတို့နှင့်အတူသွားပါ သည်။ တစ်နေ့လုံး သူဘယ်သူလဲဆိုတာမသိကြပါ။

5 ၅။ သူ့ကိုအခန်းထဲမှာတံခါးပိတ်ထားပါသောအခါ သူကမည်သူမည်ဝါဖြစ်ကြောင်း သူတို့ကိုသိစေပါသည်။တစ်နေ့ လုံးစကားပြောပြီး ကမ္ဘာကြီးပေါ်မှာဆုံးဒုံတိုင်တိုင်တရားဟောခဲ့သည်ကိုကြားနာခဲ့ပြီး ရှင်ပြန်ထမြောက်ပြီးနောက် သူတ ရားဟောသည်ကိုကြားနာရပါသည်။ သူကားတင်ခြင်းမခံရမီ လုပ်သည့်အရာတစ်စုံတစ်ခုကို လုပ်လိုက်သောအခါမှသူတို့ သူ့ကို မှတ်မိကြပါသည်။

တစ်စုံတစ်ရာ သဘာဝလွန်တစ်ခုရှိမှသာကျွန်တော်တို့နားလည်နိုင်ကြောင်းမှာ မထူးဆန်းပေဘူးလား ? သူ၏ အသင်းတော်ကို သွား၍နှုတ်ကပတ်တော်ကိုသွန်သင်ရန်သူမခိုင်းပါ။ ‘ဧဝံဂလိတရားကိုဟောပါ’ ဟုကိုယ်တော်ရှင်ပြောသည်၊ (သို့) ဧဝံဂလိတရားကို ဖော်ပြပါ။ နှုတ်ကပတ်တော်အားဖြင့်သာဧဝံဂလိတရားရောက်လာသည်မဟုတ်ပါ။ သန့်ရှင်း သောဝိညာဉ်တော်တန်ခိုးနှင့်ဖော်ပြခြင်းအားဖြင့်သာဖြစ်သည်ဟာ ပေါလုကပြောပါသည်။

မာကု ၁၆ မှာနောက်ထပ်ကျမ်းပိုဒ်တစ်ပိုဒ်က ဆိုထားပါသည်။ ‘ယုံကြည်သူများအတွက်ဤနိမိတ်လက္ခဏာများပေါ်ပေါက်လာပါမည်...’ နှုတ်ကပတ်တော်ကို အတည်ပြုရန်ရှင်ပြန်ထမြောက်ခြင်းနိမိတ်လက္ခဏာလိုအပ်ပါသည်။ လူအ များကို ယေရှုအားကောင်းစွာသိစေပါသည်။

6 ၆။ ကြီးမြတ်သောအချိန်၊ဘုန်းထင်ရှားစေသောရက်ပေါင်းလေးဆယ်ဖြစ်ပါသည်။ ထိုနေရာမှာနေရန် ကျွန်တော်မည်မျှချစ်ခင်ရပါသလဲ။ သို့သော် တဖန်ပြန်စဉ်းစား၍ကျွန်တော်ကယုံကြည်သူဖြစ်ခဲ့ရခြင်းမှာ ကိုယ်တော်က ဘယ်သူ့ ကိုမှထပ်မံ၍ပေါ်ထွက်မလာတော့ပါ။ သူတွေးထားသော အသင်းတော်ကိုသာဖော်ပြနေပါသည်။ယုံကြည်သူများကိုသာ သူကဖော်ပြနေပါသည်။ ထိုစဉ်ကကဲ့သို့ သူကမပြောင်းလဲနိုင်ပါ။ ယနေ့သူက သူရွေးချယ်ထားသော အသင်းတော်ကိုသာ သူကဖော်ပြနေဆဲဖြစ်ပါသည်။

ထိုနေ့ရက်များက လူများစွာကိုတွေ့ရပြီးမေရှိယကို ဟိုစဉ်ကစကားပြောခဲ့ကြခြင်းဖြစ်ပါသည်။ ကြွလာတော်မူမည့် မေရှိယကိုစောင့်မျှော်နေကြသူများစွာရှိပါသည်။ သို့သော် ရွေးချယ်ခြင်းခံရသောအသင်းတော်သူ့မှာရှိပါသည်။ ကိုယ် တော်မှာလည်း ယနေ့ညရှိပါသည်။ (ပြီးခဲ့သောညနေကကျွန်တော်ချန်ခဲ့သောနေရာဖြစ်ပါသည်... ရွေးချယ်ထားသောအသင်းတော်ဖြစ်ပါ သည်။)သူက သူရွေးချယ်ခဲ့သောအသင်းတော်ကိုသာ ဖော်ပြခဲ့ပါသည်။ ကျန်နေ့ များမှာ ကိုယ်တော်ကိုမမှတ်မိကြပါ။ အကယ်၍ ကိုယ်တော်က ယနေ့ဒီမှာရှိပါက ထိုစဉ်ကကဲ့သို့ သူကပြုမည်ဖြစ်ပါသည်။ ရွေးချယ်ထားသော ယုံကြည်သူကို ဖော်ပြရန်ဖြစ်ပါသည်။ မယုံကြည်သူကို သူကဘယ်တော့မှမဖော် ပြပါ။

7 ၇။ သခင်ယေရှုကမိမိရှင်ပြန်ထမြောက်ပြီးနောက် အဘယ်ကြောင့်...? အကယ်၍ ကိုယ်တော်က လူတိုင်းက အလွန်စိတ်ဝင်စားနေသဖြင့် သူသေခြင်းမှ ထမြောက်ကြောင်းကိုသိပါက သူတက်မသွားဘဲနေသည်ကိုကျွန်တော် အံ့ဩမိပါ သည်... ကောင်းပြီဟု ပိလတ်မင်းက ဆိုပါသလား? (သို့) ဟေရုဒ်ကိုဆိုလိုပါသလား? သူတို့ကိုပြောပြပါ။ကြည့်ပါ။ ဒီမှာ ငါရှိတယ်။ ငါရှိတယ်လို့ သင်ထင်တယ်၊ မဟုတ်ဘူးလား? ဒါပေမဲ့ ယခုငါဒီမှာရှိပါတယ်။

(သို့)ဘာကြောင့် သူကယဇ်ပုရောဟိတ်အကြီး ကယာဖထံမသွားပါသလဲ? အောက်သိုဒေါ့စ်အသင်းတော်သို့သွားခြင်း၊ တရားဇရပ်သို့သွားခြင်းပြုလုပ်ပြီး သူတို့ကို ‘မင်းတို့က အမြဲတမ်းမေရှိယကြွလာမယ်လို့ မျှော်လင့်နေကြတယ်။ဒါဝဒ် ကလည်း သူ၏ဝိညာဉ်ငရဲထဲမှာ ကျန်နေမည်မဟုတ်ဟုဆိုထားပါသည်။ သူ၏သန့်ရှင်းသူပျက်စီးသွားသည်ကို လည်း သူမခံစားနိုင်ပါ။

ငါဒီမှာ ရှိပါသည်။ ကားတိုင်ပေါ်မှာသင်တို့ရိုက်ထားခဲ့တဲ့သူပါ။ ငါက မေရှိယဖြစ်တဲ့အတွက် ထမြောက်ခြင်းမှ သင်တို့ကိုသက်သေပြဖို့ဖြစ်ပါတယ်။

ဘာကြောင့် ဒီလိုလုပ်ရပါသလဲ? သူကားတိုင်ပေါ်မတက်မီကမ္ဘာမြေကြီးပေါ်မှာ လူတစ်ဦးအနေနှင့်ရှိခဲ့ ကြောင်းကို သူတို့မယုံနိုင်ပါကနောက်ပိုင်းမှာလည်း ယုံကြည်နိုင်မည်မဟုတ်ပါ။ သူတို့က နောက်ပိုင်းမှာဘာမှမဖြစ်ဟုဆိုကြပါသည်။- သူက တစ်ချိန်လုံးသေမနေပါ (သို့) သူ၏တပည့်တော်များကလည်းသူပြန်အသက်ရှင်စေရန်ဆေးစီရင်ခြင်း လုပ်ခဲ့ပါသလား? (သို့) တစ်ခုခုဖြစ်လာခြင်းပဲလား။သူ့အား ယုံကြည်သူများ၊ချစ်သူများကိုသာ သူကမိမိကိုယ်ကို ဖော်ပြပါ သည်။ ရွေးချယ်ခြင်းခံရ၍သူ့ကိုတွေ့မြင်လိုသူများကိုသာ သူကဖော်ပြပါသည်။

ထိုနည်းအတိုင်းသာ ကိုယ်တော်ကယနေ့ပြုလုပ်ပါမည်။ သူဒီနေ့ကြွလာတော်မူပါက သူကဝိညာဉ်ပုံစံဖြင့် ရှိပါသည်...

8 ၈။ သူကမိမိကိုယ်သာဖော်ပြကြောင်း သင် သတိပြုမိပါသည်။ အာဗြဟံအထဲမှာ ယနေ့ညကသူထွက်ခွာသကဲ့သို့ ဖြစ်ပါသည်။ သူက လောကအုပ်စုထဲသို့ ဆင်းမသွားပါ။ သို့သော်သူကရွေးချယ်ထားသောအုပ်စုကို ဖော်ပြပါသည်။ တဲကို ကျောခိုင်းထားပါသည်။

‘သင့်ဇနီးစာရာဘယ်မှာလဲ?’

‘တဲထဲမှာပါ’ သူကပြောပါသည်။

ဘာဖြစ်မည်ကိုသူက ပြောပြသည်။ ဤကလေးငယ်ကိုသူတို့မည်သို့ရရှိမည်ကို ပြောပြသည်။ စာရာက ရယ်ပါသည်။ သူ ကပြောပါသည်။ ‘စာရာ ဘာကြောင့်ရယ်ပါသလဲ?’ စာရာကငြင်းပယ်ရန်ကြိုးစားပါသည်။

ယေရှုကပြောသောအခါ ‘လောက၏နေ့ရက်ကာလများမှာကဲ့သို့လူသားကြွလာသောအခါ ဖြစ်လိမ့်မည်။’ ထို ကောင်းကင်တမန်မှာ သောဒုံအုပ်စုထဲသို့ ဘယ်တော့မှဆင်းမသွားတော့ပါ။ သူကခေါ်ထုတ်ထားသူများနှင့် ရွေးချယ် ထားသောသူများနှင့် ဆာနေပါသည်။ သူတို့မှာသတင်းစကားဖို့ဘောင်သူများ ရှိပါသည်။ သူလို့ မျက်စိများမှာ တွယ်နေသ ဖြင့်တံခါးကိုမတွေ့ရကြပါ။ သို့သော် ရွေးချယ်ခြင်းခံရသောအုပ်စုက တွေ့ရပါသည်။ အသွေးအသား၌ဘုရားသခင်က ဖော် ပြထားပါသည်။

၄င်းနောက် ဤ... ဤကြီးမြတ်သောရှင်ပြန်ခြင်းမနက်ခင်းမှာ သူတို့က ဘုရားသခင်ကိုအသွေးအသား၌ ဖယ်ပြ ထားသည်ကို တွေ့ရပါသည်။ သေခြင်းတရားက သူ့ကိုဆွဲကိုင်မထားနိုင်ပါ။သူက သူရွေးချယ်ထားသောသူများထံကိုသာ လာပါသည်။ အခြားဘုရားကျောင်းများထံကိုလုံးဝမလာပါ- သူရွေးချယ်ထားသူများထံသို့သာ လာပါသည်။

ဘာကြောင့် သူကဘုရားကျောင်းကိုမသွားပါသလဲ? သူကြွလာသောအခါမှာလုပ်ပါသည်။ သူက သူ၏ရွေးချယ် ထားသူများထံကိုသာ လာပါသည်။ သူတို့ကကိုယ်တော်ကိုလက်မခံပါ။

9 ၉။ ယခုကိုယ်တော်က သန့်ရှင်းသောဝိညာဉ်တော်၏ပုံသဏ္ဍာန်အားဖြင့်ကြွလာပါသည်။အသင်းတော်သို့မဟုတ်ပါ။

ရွေးချယ်ထားသော အသင်းတော်သို့ဖြစ်ပါသည်။

ကျွန်တော်တို့က အသင်းတော်ဖြစ်၍မယုံကြည်သူများထံသို့ ကိုယ်တော်ကို ယူဆောင်သွားပါမည်။ ကျွန်ုပ်တို့အား

ဖြင့်သူ၏အလင်းကိုလင်းစေရန်ဖြစ်ပါသည်။ အခြားသောသူများယုံကြည်စေရန်ဖြစ်ပါသည်။ကျွန်ုပ်တို့ပင် ဖြစ်ပါသည်။ အ သင်းတော်ထဲမှ ခရစ်တော်ကသူ၏အလင်းကိုလင်းစေပြီး လူတိုင်းဖြစ်စေရန်ပင် ဖြစ်ပါသည်။

ထို့ကြောင့် ကိုယ်တော်ကမိမိကိုယ်ကိုအလင်းတောက်ပစွာ ဖော်ပြသောအခါ... ရွေးချယ်ထားသောယုံကြည်သူများ၏အသက်တာများအားဖြင့် ထာဝရအသက်အတွက် ရွေးချယ်ခြင်းခံရသူများ ကိုယ်တော်ကိုလက်ခံပါသည်။

'ငါ့သိုးတို့သည်ငါ့အသံကိုနားထောင်သည့်လူစိမ်းနောက်သို့ သူတို့ကမလိုက်ပါ။' သို့သော် 'ငါ့သိုးတို့သည် ငါ့အ သံကို နားထောင်သည်' သူ့ကိုယ်သူရွေးချယ်ထားသူများနှင့်ရွေးချယ်ထားသောအသင်းတော်ကို ဖော်ပြပါသည်။ အသင်းတော်ကိုလည်း ယနေ့ထိုသို့ပင်ပြုလုပ်၍ သူ့ကိုယ်သူဖော်ပြပါသည်။ သူ၏လူများ- ကျွန်ုပ်တို့အားဖြင့် အသင်း တော်နှင့်ခေါ် ထုတ်ခြင်းခံရသူများကို ဖော်ပြပါသည်။

10 ၁၀။ ထို့ကြောင့်ကျွန်တော်တို့၏သတင်းစကားမှာ တကယ်ဘဲအကြီးမားဆုံးသတင်းစကားဖြစ်၍ တခါမှ မသိခဲ့ဖူးသောထိုသမိုင်းကို မီးမောင်းထိုးပြပါသည်။ ယုံကြည်အောင်လုပ်ခြင်းမျိုးစုံရှိသည်။စသည်တို့ဖြစ်သော်လည်း အသင်းတော်၏ သတင်းစကားမှာ အကြီးမားဆုံးသတင်းကိုမီးမောင်းထိုးပြ၍ ကမ္ဘာလောကကြီးကို ထိခိုက်ပါသည်။ ဟုတ်ပါတယ်၊ ဆရာ! ကိုယ်တော်ကိုအသေကောင်အဖြစ် သင်္ဂြိုလ် ၍ သူကထပြီးအသက်ပြန်ရှင်ပါမည်။ ကိုယ်တော်ကို သင်္ဂြိုလ် သည့်မှာသူက သေနေပါသည်။ ယခု သူကထာဝရအသက်ရှင်ပါသည်။ တကယ်အဖြစ်အပျက်များပါ။ သူမသေပါ။သို့သော် သူက ထာဝရအသက်ရှင်ပါသည်။ သတင်းစကားကောင်းပါသည်! အလင်းပြပါသည်! အသင်းတော်ကအသင်းခေါက်ဆင့်ပါသည်။ လူတိုင်း၏နှလုံးသားများထဲသို့အသင်းတော်ကလောင်ကျွမ်းနေသင့်ပါ သည်။ အဆက်အသွယ်ရသူတိုင်းနှင့် ထိတွေ့ရပါမည်။ကိုယ်တော်က အသေမဟုတ်ပါ။ သို့သော် အသက်ရှင်ပါသည်။ နေရာတိုင်းမှာခေါင်းစဉ်ကြီးများဖြစ်နေပါမည်။ သို့သော် သူတို့က မယုံကြည်ကြပါ။ ထိုအကြောင်းကြောင့်ခေါင်းစဉ်ကြီး များဖြစ်လာရခြင်းဖြစ်ပါသည်။

သို့သော် ယုံကြည်သူအတွက်... ယုံကြည်သူ၏နှလုံးသားထဲမှာခေါင်းစဉ်ဖြစ်ရပါမည်။သူကတွေ့၍အသိအမှတ်ပြု ပါသည်။ ပြုလုပ်နိုင်မည့်အရာခပ်သိမ်းထက်သူကပို ုပျော်ပါသည်။ သေနေသောကမ္ဘာကြီးပေါ်မှာ ခေါင်းစဉ်ကြီးတပ်ပေး လိုက်သဖြင့်အလင်းကြီးအရာခပ်သိမ်းအပေါ် သက်ရောက်သွားပါသည်! ကိုယ်တော်ရှင်အသက်ရှင်သည်ကိုသူတို့တွေ့ရ၍ သူ၏အသင်း တော်နှင့်အတူရှိသဖြင့် ယုံကြည်သူအတွက် ဝမ်းသာစရာဖြစ်ပါသည်။အကြီးမားဆုံးခေါင်း စဉ်မှာ- ကျွန် တော်တို့၏ ယနေ့သတင်းစကားပင် ဖြစ်သည်။

11 ၁၁။ သို့သော်ကျွန်တော်တို့ဟာ အီစတာကို တစ်နှစ်မှာတစ်ရက်သာ ခွင့်ပြုပါသည်။ကျွန်တော်တို့၏အီစတာပင် ဖြစ်ပါသည်။ တစ်နှစ်လုံးမှာ တရက်သာ အီစတာဖြစ်ပါသည်။တစ်နှစ်ပတ်လုံးမှာ နေ့တိုင်းသည် အီစတာဖြစ်သင့်ပါသည်။ နေ့ တိုင်းမှာရှင်ပြန်ထမြောက်ခြင်း၏ပျော်စရာနေ့ ဖြစ်ပါသည်။ သို့သော် ဘာလဲဆိုတာသင်သိပါသလား? သူတို့က အီစတာ သတင်းစကားကို ရှုပ်ထွေးစေပါသည်။သူတို့က ရောင်စုံဥများ၊ corsagesများနှင့် ဦးထုပ်အသစ်ကလေးများ၊ ယုန်ကလေး များနှင့် ရောနှောပစ်လိုက်ကြသည်။အီစတာကြော်ငြာသက်သက်သာ ဖြစ်သွားပါသည်။

သို့သော် ယုံကြည်သူအတွက်နေ့စဉ်နှင့်အမျှ အီစတာထဲမှာအသက်ရှင်လျက်ရှိသည်။ အကြောင်းမှာ သေခြင်းမှကိုယ်တော်နှင့်ထမြောက်တော်မူ၍ နှလုံးသားများထဲမှာ ထာဝရအသက်ရှင်လျက်ရှိသည်။နေ့စဉ်နှင့်အမျှ သူ၏အသင်း တော်က သူ့ကိုသိစေပါသည်။ 'ဤနိမိတ်လက္ခဏာများမှာ ယုံကြည်သူများမှာ ဖြစ်ပေါ်လာပါမည်...' သင်က သင့်ကိုယ် သင်ယုံကြည်သူဟုဆိုပြီးနိမိတ်လက္ခဏာများဖြစ်ပေါ်လာပါမည်။ ငါ၏နာမ၌ နတ်ဆိုးတို့ကိုနှင်ထုတ်မည်... အခြားသော ဘာသာစကားအသစ်များ ပြောဆိုသည်။သေစေနိုင်သောအဆိပ်များကို သောက်၍အန္တရာယ်မဖြစ်နိုင်ပါ။ ဖျားနာသူများ အပေါ်လက်တင်ဆုတောင်းပါက သူတို့ရောဂါပျောက်ပါမည်။ ထိုသို့သောနိမိတ်လက္ခဏာပုံစံများကိုယုံကြည်သူများ၌ တွေ့ရမည်။ ကိုယ်တော်ရှင်ယုံကြည်သူထံ ပေါ်ထွန်းလာခြင်းဖြစ်ပါသည်။ထိုနိမိတ်လက္ခဏာများ ယုံကြည်သူများထံ ပေါ်ပေါက်လာပါမည်။

12 ၁၂။ သူ၏အသင်းတော်အတွက်မည်မျှဘုန်းထင်ရှားစေသောအရာဖြစ်ပါသနည်း။ လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင့်ကိုးရာနောက်ပိုင်း အနည်းဆုံးနှစ်ပေါင်းနှစ်ထောင်ခန့်ကိုယ်တော်အသက်ရှင်ကြောင်းသိရပါသည်! ကျွန်တော်တို့ ကိုယ် တော်ကိုလမ်းချိုးလမ်းကွေ့တိုင်းမှာဆုံရပါသည်။ ကျွန်တော်တို့သွားသောနေရာတိုင်းမှာယေရှုကိုတွေ့ရပါသည်။ အသက် ရှင်တော်မူသော ဘုရားသခင်၏ဘုန်းကြီးသောအသင်းတော်၏ရောင်ခြည်တော်စီးဆင်းသကဲ့သို့ ကိုယ်တော်၏ အသက် ရှင်သောမျက်မှောက်တော်ကိုတွေ့ရပါသည်။ ထိုအတွက် ကျွန်တော်တို့က မည်မျှကျေးဇူးတင်သင့်ပါသနည်း!

သချိုင်းတွင်းမှာသတင်းစကားဟောပြောပါသည်။ 'လာပါ။ကြည့်ပါ။ သွားပါ။ ပြောပါ။' ပထမဆုံးအရာမှာ 'လာ၍ စိတ်ချပါ' ယခုအခါမှာ လူများလာ၍မကြည့်လိုပါ။လာသောသူမှာ ဆယ်မိနစ်ပင်မထိုင်နိုင်ပါ။ တစ်ခါတစ်ရံ ငါးမိနစ်ပင် မထိုင်နိုင်ကြပါ။ သူတို့လမ်းကိုသင်ဖြတ်သွားပါက သူတို့ပျောက်သွားတာကြာပါပြီ။

လာကြည့်ပါ။ ရှောင်းမကြည့်ပါနှင့်။မတ်တပ်ရပ်၍အပေါ်မှ ကြည့်ပါ။ လာ၍ကြည့်ပါ။ ၄င်းနောက် သွား၍ပြောပါ။သင်္ချိုင်းတွင်းမှာ ထိုမနက်က ကိုယ်တော်ထိုမိန်းမကို ပြောခြင်းဖြစ်ပါသည်။

'သူဘယ်နေရာမှာလဲလျောင်းကြောင်း လာကြည့်ပါ။'

'သို့သော်သူကဒီနေရာမှာ မရှိတော့ပါ။'

‘သွား၍သူ၏တပည့်တော်များကို ဂါလိလဲမှာဆုံမည်အကြောင်း ပြောပါ။ ’

13 ၁၃။ သွား၍မည်သူကိုပြောရပါမည်နည်း။ တွေဝေနေသော သူ၏တပည့်တော်များကို ပြောရပါမည်။ သူတို့တကယ်ဘဲ ဇဝေဇဝါဖြစ်နေပါသည်။ ဘာလုပ်ရမှန်း သူတို့မသိကြပါ။

‘ငါ့အသက်ရှင်ကြောင်းသွား၍တွေဝေနေသော အသင်းတော်ကိုပြောပြပါ။ ငါသူတို့ရှေ့က သွားနှင့်မည်။ ဂါလိလဲမှာ သူတို့နှင့် ဆုံမည်။ ငါ့ကတိတော်အတိုင်း ပြုလုပ်ပါမည်။

ထိုအသင်းတော်မှာ ထိုစဉ်ကတွေဝေနေသော်လည်းယနေ့အသင်းတော်ထက်ပိုမဆိုးပါ။ တွေဝေနေဆဲဖြစ်ပါ သည်။ ကျမ်းချက်များကိုနားမလည်နိုင်ကြပါ။ မာကု ၁၆ ကို သမ္မာကျမ်းစာထဲမှာရေးသားထား၍ ဘာကြောင့်ဆိုတာနားမလည်နိုင်ပါ။ သူတို့တွေဝေ၍ ဇဝေဇဝါဖြစ်ပြီး ဝိညာဉ်တော်အားဖြင့်မဟုတ်ဟု ဆိုကြပါသည်။အခြားကျမ်း ချက်များကို သူတို့ရှာဖွေ၍ သန့်ရှင်းသောဝိညာဉ်တော်ကအခြားနေ့ကိုရည်ညွှန်းကြောင်း၊ ဤနေ့မဟုတ်ကြောင်း ပြောပါသည်။ အခြားကျမ်းစာများကိုသူတို့တွေ့ရပြီး အံ့ဖွယ်နိမိတ်လက္ခဏာများပြုလုပ်ရပါသည်။ အံ့ဖွယ်နိမိတ်လက္ခဏာနေ့ရက်များ ကျော်လွန်သွားပြီဟု သူတို့ကြွေးကြော်ကြပါသည်။

တွေဝေခြင်းအကြောင်းပြောပါသည်!ထိုစဉ်ကထက် ယခုပို၍ပင် သူတို့တွေဝေကြပါသည်။ သို့သော် သူတို့ဖြဲ သကဲ့သို့ တစ်စုံတစ်ရာပင်ဖြစ်ပါသည်။ အကြောင်းမှာ သူတို့နှစ်သိမ့်ရမည့်အတိတ်က အတွေ့အကြုံမှာ ထိုတပည့်တော်များအတွက် တစ်ခုတည်းအားဖြင့်သာဖြစ်ပါသည်။ ယနေ့အသင်းတော်မှာလည်းထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ ပင်တေကုတ္တေများပင် လျှင်သူတို့ကိုယ်သူတို့ကျေနပ်မှုရှိစေရန် တမန် ၂ နှင့် ၄ အတိုင်းပြုလုပ်၍အတိတ်ကအတွေ့အကြုံများပင် ဖြစ်ပါသည်။

သို့သော် အို!အသက်ရှင်သောဘုရားသခင်၏သတင်းစကားမှာယနေ့အသက်ရှင်ဆဲပင်ဖြစ်ပါသည်။ သင်တွေဝေ နေသလား? ‘ သင်တို့ရှေ့မှာငါသွားနှင့်ပြီ။ ငါမသေပါ။ ငါအသက်ရှင်နေပါသည်။ သူကပြောပါသည်။ ’ ထာဝရအသက်ရှင် နေပါသည်။ ‘

14 ၁၄။ သို့သော်တွေဝေနေသူများအတွက်... သူတို့ အလွန်တွေဝေနေကြပြီး စနစ်အသစ်ဟုသူတို့ကဖွဲ့စည်းရန် ကြိုးစား ပါသည်။ ထိုစနစ်သည် ကြာရှည်မခံပါ... အမြဲတမ်းပင် ဝါဒမဖြစ်ဘဲ WASM ဖြစ်သွားပါသည်။ နောက်ပိုင်းကို သူတို့ရရှိပါ သည်။ အစဉ်ဖိုးကိုလည်းရရှိပါသည်။ အလယ်ဖိုးကိုလည်း ရရှိပါသည်။ ဤအရာနှင့်ထိုအရာဖြစ်ပါသည်။နောက်အရာဖြစ် ပါသည်... အဖွဲ့အစည်းအမျိုးအစားဖြစ်၍ဂိုဏ်းဂဏဖြစ်ပါသည်။

၄င်းအရာက ဘာဖြစ်သွားပါသလဲ? အဖွဲ့အစည်းအားလုံးကဲ့သို့သေဆုံးသွားပါသည်။ သူတို့ တွေဝေသွားကြပါ သည်။ ‘ယခုအခါမှာ ကျွန်တော်တို့ဘာလုပ်ရမည်ကို မသိကြတော့ပါ။ကျွန်တော်တို့ ထိုသူများကို အတူတကွ တစ်စု တစ်စည်းတည်းပဲ ရရှိဖို့လိုပါသည်။ဤအုပ်စုမှ ကျွန်တော်တို့ကို ကျွန်တော်တို့သီးခြားခွဲထွက်ရန် လိုပါသည်။ (သို့) ထိုအုပ်စုမှ ခွဲထွက်ရပါမည်။ ’ တွေဝေနေဆဲဖြစ်ပါသည်။ ဘာလုပ်ရမည်ကိုတော့ မသိပါ။ သူတို့က တကယ့်အီစတာ သတင်းစကားအမှန်ကို မသိပါ။

တကယ့်အီစတာသတင်းစကားမှာ အဖွဲ့အစည်းဖွဲ့စည်းရန်မဟုတ်ပါ။သွား၍ဧဝံဂလိတရားဟောပြောရန် သင်ဖြစ် ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်တန်ခိုးကိုပြသရန်ပင်ဖြစ်ပါသည်။ သူ၏လက်ထဲသို့ ကိုယ်တော်ကိုယူဆောင်စေပါ။ သို့သော်သူတို့မှာတွေဝေနေဆဲဖြစ်ပါသည်။ ဘာလုပ်ရမည်ကို မသိပါ။

သမိုင်းတစ်လျှောက်လုံးမှာအချိန်တိုင်းလူများက သိရှိကြပါသည်... ဘယ်သီသြလော်ဂျီရှိပညာရှင်တို့မဆို၊သမိုင်း ပညာရှင်ကိုမဆိုမေးပါက သူတို့ပြောကြပါသည်...ဘုရားသခင်က အဖွဲ့အစည်းကိုရွေး၍ တစ်စုံတစ်ခုပြုလုပ်ပါက လူစုမပါ လျှင်လူလုပ်ဆောင်သောစနစ်ဖြစ်ပါသည်။ ထိုအထဲမှာ လူများမရှိပါ။ သို့သော် အဖွဲ့အစည်းစနစ်ပင်ဖြစ်ပါသည်။

ဘုရားသခင်ကနိုးထမှုကိုဖြစ်ပေါ်စေသောအခါတိုင်း တစ်စုံတစ်ဦးကို အဖွဲ့အစည်းအချို့မှာစတိုက်ပြီးနောက်မှာ နောက်ကွယ် ကလူများက အဖွဲ့အစည်းဖွဲ့စည်းပါတော့သည်။ ထိုမှာပင်သေ၍ဘယ်တော့မှပြန်မထတော့ပါ။ ယခု သင် ကျွန်ုပ်ကို သမိုင်းကြောင်းကို ပြပါ။စာမျက်နှာနှင့် နံပါတ်၊ အဖွဲ့အစည်းပေါ်ထွက်လာပြီးကြောင်း ပြပါ။ ထိုနေရာမှာ သင်သေဆုံးကြပါသည်။ သူတို့သည် ဖွားမြင်ဆဲကလေးများဖြစ်လာကြသည်။ သေနေသောကလေးများဖြစ်ပါသည်။ သူတို့ကို အပ် သည်မှာ ဧဝံဂလိနှင့်အရိုက်ခံရန် ဖြစ်ပါသည်။အသက်တစ်ဖန်ပြန်ဝင်လာရန် ဖြစ်ပါသည်။

15 ၁၅။ ထိုစဉ်ကကဲ့သို့ဤသတင်းစကားဟောပြောသူများ သင်္ချိုင်းတွင်းမှ ထိုမနက်ကပြန်လာပြီး တပည့်တော်များကိုကိုယ်တော်ရှင်သေခြင်းမှ ထမြောက်တော်မူကြောင်းနှင့် သူတို့အလယ်မှာအသက်ရှင်လျက်ရှိကြောင်းနှင့် သူတို့ရှေ့မှ သွားနှင့်ကြောင်းပြောပါသည်။ သူတို့ကိုတစ်နေရာရာမှာ ကိုယ်တော်ကတွေ့ဆုံမည်ဖြစ်ကြောင်း...အလွန်လှပသောအရာ ပင်ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ကိုယ်တော်ကကျွန်ုပ်တို့ရှေ့မှာ သွားနှင့်လိုက်ပြီဖြစ်ပါသည်။ ကန့်သတ်ချက်ရှိပါသည်...

‘ထိုမနက်မှာငါသင်တို့ကို လေထဲမှာတွေ့ဆုံမည် ’

အသင်းတော်က ယုံကြည်ဆဲဖြစ်ပါသည်။တကယ်စစ်မှန်သော အသက်ရှင်သည့်ဘုရားသခင်၏အသင်းတော်ဖြစ်ပါ သည်။ ထိုအပြောင်းအလဲကိုကျွန်တော်တို့က စောင့်မျှော်နေပါသည်။ သူ့အသင်းတော်၏အစဉ်အဆက်ကို ကျွန်တော်တို့ကြည့်နေစဉ်မှာ အာဗြဟံ၏မျိုးစေ့ သူကဲ့သို့တက်လာပါသည်။ (အာဗြဟံ) ကျွန်တော်တို့မှာလေထဲမှာ ကြီးမားစွာတွေ့ဆုံ မည်ကို ကျွန်တော်တို့စောင့်နေဆဲဖြစ်ပါသည်။ ကိုယ်တော်ကိုတွေ့ရပါမည်။- ကျွန်တော်တို့နောက်မှာ စောင့်နေသူများနှင့် အတူချီဆောင်ခြင်းခံရပါမည်။

သူတို့သေခြင်းမှ ထမြောက်ပါမည်။မျက်စိတစ်မှိတ်အတွင်း ကျွန်တော်တို့ပျောက်ကွယ်သွားပြီး

လေထဲမှာကိုယ်တော်နှင့်ချီဆောင်ခြင်းခံရပြီး တွေ့ရပါမည်။ ကိုယ်တော်နှင့်အတူ ထာဝရနေရပါမည်။ကျွန်တော်တို့မှာ သွားရမည့်နေရာ ရှိ၍ ထိုအရာကိုကိုင်ဆွဲထားရပါမည်။ ကျွန်ုပ်တို့၏စိတ်နှလုံးဖြင့် အကြွင်းမဲ့ယုံကြည်ရပါမည်။

16 ၁၆။ သို့သော်သူတို့မှာ ထိုနေ့တွင်အလွန်အလုပ်များလျက်ရှိပါသည်။ အခြားအရာများကို ကောက်ယူ၍ပိုက်ကွန်များ ကို ချကြသည်။ တံငါသည်အလုပ်ကို ပြန်လုပ်ကြသည်။ ကျွန်တော်တို့မှာယနေ့လည်းထိုအတိုင်းပင်ဖြစ်ပါသည်။- မတူညီသောအရာများစွာကိုယူ၍ ဤအရာ၊ ထိုအရာ၊အခြားအရာနှင့်အယူဝါဒများစွာ ဂိုဏ်းဂဏများစွာရှိပါသည်။ အဖွဲ့ အစည်းများစွာရှိပါသည်။အဓိက ဘုရားလူကြီးမှာ...

ကျွန်တော်တို့တကယ်ဘဲဘယ်လိုအစည်းအဝေးမျိုးလဲဆိုတာကိုကြည့်ပြီး သူတို့နှင့်ပူးတွဲရပါမည်။ အကြောင်းမှာဒေသဆိုင်ရာအကြီးအကဲက ကျွန်တော်တို့ကို နှင်ထုတ်နိုင်ပါသည်။ ကျွန်တော်တို့ထိုသို့သောအစည်းအဝေးပွဲမျိုးသို့သွား ပါက သင်းအုပ်ဆရာက တမန်တော်တို့ကိုမောင်းထုတ်ပါသည်။ ဆီးနော့က ကျွန်တော်တို့ကို တစ်ခုခုလုပ်ပါမည်။ အသင်း တော်ကကျွန်တော်တို့ကို မောင်းထုတ်မခံပါသည်။ အို၊ ကျွန်တော်တို့အသင်းသားများကိုကြည့်ရသည်မှာ အလုပ် များလုပ်ပါသည်။ အခြားအသင်းတော်များသို့မသွားဘဲနေသည်ကိုကြည့်၍ တခြားဘာမှမလုပ်ဘဲ အနည်းငယ်သာ အပြောင်းအလဲကလေးရှိသည်။ထိုအရာနှင့်ကျွန်တော်တို့မှာ အလွန်အလုပ်များလျက်ရှိပါသည်။ တစ်ဦးနှင့်တစ်ဦး အသင်းသားဖလှယ်သကဲ့သို့သာဖြစ်ပါသည်။အလောင်းတစ်ခုကို ရင်ခွဲရုံတစ်ခုမှာ အခြားတစ်ခုသို့ ယူဆောင်သွားခြင်း သာဖြစ်ပါသည်။အမှန်တကယ်ပင် ဖြစ်ပါသည်။ ရှင်ပြန်ထမြောက်ခြင်းမှာ အတိတ်မှာဖြစ်ကြောင်းမသိပါ။တကယ်ပဲ ရှင်သန်နေမိပါ သည်။ သို့သော် အလောင်းများကို တစ်ခုမှတစ်ခုသို့ ပြောင်းနေသည်။ ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။

17 ၁၇။ အို၊နားလည်ရန်ခက်ခဲပါသည်။ ကျွန်တော်အသက်ရှင်ကြောင်းပင် ဖြစ်ပါသည်။! သူမသေပါ။သူထာဝရအသက် ရှင်ပါသည်။ သူသည် မနေ့၊ ယနေ့နှင့်နောင်ကာလပြောင်းလဲခြင်းမရှိပါ။သို့သော် ကျွန်တော်တို့မှာ အလွန်အလုပ် များနေပါသည်။ အလွန်များပြားလှသောအရာများကိုလုပ်ကိုင်နေရပါသည်။ အသင်းတော်က အလုပ်လုပ်ရန်များစွာရှိပါ သည်။ဤအရာနှင့်ထိုအရာများအတွက် အလွန်အလုပ်များနေပါသည်။ ဤအရာများကိုကြည့်ရန်ကျွန်တော်တို့ အချိန်မရပါ။ သတင်းစကားပို့ဆောင်သူထဲမှလာကြောင်း ကျွန်တော်တို့ကြားရသောအခါ ‘အား !သူတို့ယုံကြည်တဲ့ပုံပြင်များကဲ့သို့ ဖြစ်တယ်’ ၄င်းနောက် ‘အား !ကြောင်နေသောမိန်းမများ ထိုနေရာမှာရှိပါသည်။ ပြောရန်အခက်အခဲ... သူတို့တစ်စုံတစ်ရာကို လုပ်နေပါသည်။

အခြားသောအရာများနှင့်ကျွန်တော်တို့အလုပ်များလျက်ရှိပါသည်။ အချိန်အနည်းငယ်ယူ၍ မလုပ်နိုင်ဘူးလား ? ကိုယ်တော်ရှင်ရှေ့မှာ ထိုင်၍ ‘လာပါ။ အတူတကွအကြောင်းအကျိုးဆင်ခြင်ပြီးဘုရားသခင်ကပြောပါသည်။ သင်မယုံ ကြည်ခြင်းမှာ နီရဲနေပါစေ’ နှင်းပွင့်ကဲ့သို့ ဖြူသွားပါမည်။နီရဲနေသော်လည်း သိုးမွေးကဲ့သို့ဖြူသွားပါမည်။

သို့သော် ကျွန်တော်တို့အလွန်အလုပ်များပါသည်။ ကျွန်တော်တို့၏ နှစ်ပါးတစ်ဆူသမားများ သုံးပါးတစ်ဆူမဖြစ်စေရန်နှင့် သုံးပါးတစ်ဆူသမားများ တစ်ပါးတစ်ဆူမဖြစ်စေရန် စသဖြင့် လိုအပ်ပါသည်။ကျွန်တော်တို့ ကြည့်နေကြောင်း သေချာရပါမည်။ ကျွန်တော်တို့လည်းဖြစ်ပါသည်။ကျွန်တော်ပြောသကဲ့သို့ ရင်ခွဲရုံတစ်ခုမှတစ်ခုသို့ သယ်ဆောင်နေခြင်း ဖြစ်ပါသည်။ကျွန်တော်တို့အဖြစ်မှန်ပါပဲ။ ထိုစဉ်ကကဲ့သို့ ယခုလည်းဖြစ်ပါသည်။ ယနေ့လည်းထိုသို့ပင်ဖြစ်ပါသည်။ အ လားတူ အရာတစ်ခုပင်ဖြစ်နေဆဲဖြစ်သည်။

18 ၁၈။ လူအချို့ကဧဝံဂလိတရားကို အသုဘအစီအစဉ်ကဲ့သို့ ပြုလုပ်ပါသည်။ မှန်ပါသည်။ သူတို့ဘုရားကျောင်းကို သွား၍... အသုဘအခမ်းအနားကဲ့သို့ ဖြစ်ပါသည်။အချို့က ကပွဲဖြစ်စေပါသည်။ မှန်ပါသည်။ အချို့တို့က ကပွဲကဲ့သို့ ဖြစ် စေပါသည်။အလွန်ကြီးမားသော အချိန်ကြီးဖြစ်၍ ဂီတာတီးခတ်ကြသည်။ စင်ပေါ်မှာကခုန်၍တတ်လိုက်ဆင်းလိုက် ဖြစ် နေကြသည်။ ပလတ်ဖောင်းပေါ်မှာ ကခုန်နေကြသည်။ (သို့)အောက်ဆင်း၍ လျှောက်လမ်းပေါ်မှာ ကခုန်နေကြသည်။ ပြေး၍ ထိုင်နေကြသည်။ သူတို့အိမ်နီးချင်းများအကြောင်းပြောဆိုကြသည်။... မှန်ပါသည်။

အချို့တို့က မတ်တပ်ရပ်ပြီး Doxology ထာဝရဘုရားကိုချီးမွမ်းသောစကားကို ဆိုရသည်။ တမန်တော်တို့၏ယုံကြည်ချက်ကို ဆိုရမည်။ တမန်တော်တို့၏ယုံကြည်ချက်မှာ တစ်စုံတစ်ဦး၏ရေးသားချက်ကို တမန်တော်အား ဖော်ပြပါ။ ‘သန့်ရှင်းသော ကာဆိုလိပ်အသင်းတော်ကိုလည်းယုံကြည်ပါ၏။’ ကျွန်တော်မယုံပါ။ ‘သန့်ရှင်းသူတို့၏ပွဲတော်မင်္ဂလာကိုလည်း အကျွန်ုပ်ယုံကြည်ပါ၏။’ ၄င်းမှာ အောက်လမ်းပညာဖြစ်သည်။ ကျွန်တော်မယုံပါ။ သို့သော် သူတို့မှာဤအရာများပြုလုပ်ရန် အလွန်အလုပ်များနေ ကြပါသည်။ သူတို့က အသုဘအခမ်းအနားလုပ်နေခြင်းပင်ဖြစ်ပါသည်။ အသုဘအခမ်းအနား မဟုတ်သကဲ့သို့ တစ်ပွဲ တည်းမဟုတ်ပါ။ပွဲတော်မင်္ဂလာဖြစ်ပါသည်။ ခရစ်တော်နှင့်အတူ ပွဲတော်မင်္ဂလာခံခြင်းဖြစ်ပါသည်။ယုံကြည်သူများလာ၍ ခရစ်တော်နှင့်အတူ ညစာစားသောက်ကြခြင်းဖြစ်ပါသည်။

‘သခင်ကခေါ်နေပါသည်။ လာ၍ညစာစားပါ။ တစ်ချိန်လုံး သင်က ယေရှု၏စားပွဲမှာ စားနိုင်ပါသည်။လူအုပ်ကြီးကို ကျွေးမွေးသူ၊ ရေကို စပျစ်ရည်အဖြစ်ပြောင်းလဲပေးသူ [ထိုယေရှုကပင်ယနေ့ညအသက်ရှင်နေပါသည်။ ဆာငတ်သူများကို ယခုခေါ်ပါ။ အခုလာ၍ ညစာစားပါ။ ပွဲတော်ဖြစ်သည်။ တစ်ပွဲမဟုတ်ပါ။ ဘာတစ်ခုမှ အသုဘအခမ်းအနားမဟုတ်ပါ။’

19 ၁၉။ သတင်းစကားမှာကိုယ်တော်ရှင်ကျွန်ုပ်တို့ရှေ့မှာ သွားပါသည်။ ယခု ကျွန်ုပ်တို့ရှေ့မှာ ဖြစ်သည်။ကျွန်ုပ်တို့ နောက်က သင်္ချိုင်းဂူထဲမှာ မဟုတ်ပါ။ ကျွန်ုပ်တို့ရှေ့မှာ ဖြစ်ပါသည်။လမ်းလုပ်ပေးထားပါသည်! ကျွန်တော်တို့ကနောက် လိုက်ရန်ဖြစ်သည်။ သင်္ချိုင်းဂူကိုပြန်လှည့်ကြည့်ရန်မဟုတ်ပါ။ ရှေ့ကို မျှော်ကြည့်ရန်ဖြစ်ပါသည်။ သူဦးဆောင်နေသောလမ်းဖြစ်ပါသည်။ အကြောင်းမှာ ကိုယ်တော်သည် ကျွန်ုပ်တို့၏ခေါင်းဆောင်ဖြစ်ပါသည်။ကိုယ်တော်ကို နောက်မှလိုက် ရန်ဖြစ်ပါသည်။ သင်္ချိုင်းဂူများကိုပြန်လှည့်ကြည့်ရန်မဟုတ်ပါ။

မာရိမှာ ထိုမနက်ကတွေဝေနေသောအသင်းတော်ကို ကောင်းစွာတင်ပြပြောဆိုပါသည်။ သူမကကောင်းစွာတင်ပြနိုင်ပါသည်။ အကြောင်းမှာ သူမကလည်းတလိုင်းထဲမှာရောက်နေသောကြောင့်ဖြစ်ပါသည်။ ယနေ့ ကာလနှင့် သင့်တော် ပါသည်။သူမဘာပြောပါသလဲ? ကိုယ်တော်၏စကားသံကိုကြားရသောအခါ ဘာပြောပါသလဲ? ‘မာရိ... ဘာကြောင့်ငိုနေပါသလဲ?’

သူမက ပြောပါသည်။ ကျွန်မသခင်ကိုသူတို့ယူသွားကြပြီ။ ကျွန်မ-မသိပါ။ ကိုယ်တော်ကို သူတို့ဘာလုပ်လိုက်ကြ သလဲဆိုတာမသိပါ။

ယနေ့အသင်းတော်လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ ‘သူတို့ငါတို့သခင်ကို ယူသွားကြပြီ။ ဘယ်နေရာမှာ သွားရှာရမလဲဆိုတာမသိတော့ဘူး။ ငါတို့သူတို့ပွဲတော်များအားလုံးကို စမ်းကြည့်ဖူးပါသည်။ ရေဗတ္တိဇံတွေအားလုံးကိုစမ်းကြည့်ခဲ့ပါသည်။ ကျွန်တော်မက်သဒစ်၊ နှစ်ခြင်း၊ ပရက်စီပီတေးရီးယန်း၊ပင်တေကုတ္တေများ၊ ကတ်သလစ်များနှင့်အား လုံးကို ကြိုးစားကြည့်ပြီး ကိုယ်တော်ကိုမတွေ့ရပါ။’

ကျမ်းစာက ကိုယ်တော်သည် ‘မနေ့၊ ယနေ့နှင့် ထာဝရပြောင်းလဲခြင်းမရှိ’ ဟုဆိုပါက သူတစ်နေရာရာမှာ ရှိပါ သည်။ သူကမသေပါက သူအသက်ရှင်နေပါသည်။ တစ်ချိန်ထဲမှာ သူကအသက်ရှင်ပြီး သေ၍မရပါ။ မာရိကအသင်းတော်ကို ကိုယ်စားပြုပါသည်။ ‘သူတို့ကျွန်မသခင်ကို ယူသွားကြပြီ’ ကိုယ်တော်နှင့်ပတ်သက်၍ဘာလုပ်ကြောင်း ကျွန်တော်မသိပါ။

20 ၂၀။ ယနေ့အသင်းတော်ကစဉ်းစားပါသည်။ ‘အို၊တကယ်ကြီးမြတ်သော သမိုင်းဝင်ခရစ်တော်ရှိပါသည်။ အနာရောဂါ သည်များကိုသူကပျောက်ကင်းပေသည်။ သူတို့စိတ်နှလုံးအကြံအစည်များကို သူကပိုင်းခြားနားလည်နိုင်ပါသည်။ သူက သမိုင်းဝင်ခရစ်တော်ပင် ဖြစ်ပါသည်။ လူအုပ်ကြီးထံသို့ သူကလာပါသည်။ပေတရုထံသို့ သူကလာသည်။ သူက ယေရှုကိုပြောပါသည်။ (သူ့နာမည် ရှိမုန်ဖြစ်သည်။) ’သင့်နာမည် ရှိမုန်ဖြစ်သည်။သင့်ဖခင်အမည်မှာ ယောနဖြစ် သည် ‘အို၊ သေချာပါသည်။ ထိုသူမှာ... ယေရှုက အမှုပြုပါသည်။ ကျမ်းစာအရမေရှိယ၏လက္ခဏာဖြစ်၍ ပရောဖက်များ ပြောကြားခဲ့ ပါသည်။

သူဘယ်တော့မှ တစ်ခုကို သင်မမေးပါ။ပေါလုကလည်း သင်မမေးပါ။ ပေါလုကို အဂ္ဂရိပရှေ့သို့ ယူဆောင်လာသောအခါ သူကပြောပါသည်။ ‘မောရှေနှင့်ပရောဖက်များဟောပြောခဲ့သည်ကိုသာ ငါကဟောပြောခဲ့ခြင်းဖြစ်ပါသည်။ ဘာကြောင့်သင်ကငါ့ကိုစစ်ကြောစီရင်ရပါသနည်း။’ မောရှေပြောသောအရာကိုသာ ငါပြောသည်။ ပရောဖက်များက ပြန် လာမည့်အ ရာဟုပြောသောအရာများကိုသာ ငါပြောသည်မဟုတ်ပါလား?သင်တို့အတွက် ထူးဆန်းနေသလား?အို၊ အဂ္ဂိပ္ပ ကိုယ်တော်ရှင်ထမြောက်တော်မူသည်ကို ယုံကြည်ရန်အထူးအဆန်းဖြစ်နေပါသလား? ဘုရားသခင်သည်သေသူတို့အ တွက် ရှင်ပြန်ထမြောက်ခြင်းဖြစ်သည်ကို သင်မသိပါသလား? ယနေ့လည်း ကိုယ်တော်ရှင်မှာထိုသို့ပင်ဖြစ်ပါသည်။

21 ၂၁။ ယခုသို့သော်မာရိက ပြောပါသည်။ ‘တစ်ခါကကျွန်မသူ့ကိုသိတယ်ဆိုတာ ကျွန်မသိပါသည်။ သို့သော် သူမငိုနေ ပါသည်။ ဝမ်းနည်းပက်လက်ငိုနေရခြင်းမှာ တစ်ခါက သူမကိုယ်တော်ကို သိခြင်းကြောင့်ဖြစ်ပါသည်။သို့သော် သူတို့က... ကိုယ်တော်ကို ယူသွားကြပါပြီ။

ယနေ့လည်း ထိုနည်းအတိုင်းပင်ဖြစ်ပါသည်။ကျွန်ုပ်တို့ တစ်ဦးစီကြိုးစားပြီး... ဒသနိက သီအော်လော်ဂျီအားဖြင့်စိတ်ပညာအမျိုးအစားအချို့ကို တစ်စုံတစ်ဦး၏လည်ချောင်းထဲ ထိုးထည့်ပါသည်။ ဒါကိုငါတို့ယုံသည်ဟု သူတို့ကိုပြော သည်။ သို့သော် ယေရှုကပြောပါသည်။ သူတို့ ငါ့သခင်ကိုယူဆောင်သွားပြီ။ ကိုယ်တော်ကို သူတို့ဘာလုပ်ပါသနည်း? ယနေ့ လူများစွာတို့မှာ အသင်းတော်မရှိခြင်း၊ နေးကွေးခြင်း၊အားနည်းခြင်းတို့ကြောင့် ယုဒပုံပြင်ကို ယုံကြည်ပြီး (သူတို့ည ဖက်လာပြီးကိုယ်တော်၏အလောင်းကို ခိုးယူသွားကြပါသည်။) ယနေ့ထက်တိုင် ထိုသို့ပင်စဉ်းစားနေကြဆဲဖြစ်ပါသည်။

ပရိုတက်စတင်ခုနစ်ဆယ်ရာခိုင်နှုန်းခန့်မျှရှိ၍ရုပ်ပိုင်းအရထမြောက်ခြင်းကို မယုံကြည်ကြပါ။ (သို့) တကယ်ကြွ လာတော်မူမည်ကိုလည်းမယုံကြပါ။ စစ်တမ်းအရ သိရပါသည်။ သူတို့ငြင်းပယ်ကြပါသည်။ အပျိုကညာဖွားမြင်ခြင်းကိုလည်း ထောင်ပေါင်းများစွာသောသူတို့ကက ငြင်းပယ်ကြပါသည်။

22 ၂၂။ ငါ့သခင်ကိုသူတို့ယူသွားကြပြီ။ ‘ဘာကြောင့်လဲ? သူတို့ယူရပါမည်’ သင်က ကိုယ်တော်ထမြောက်ခြင်းကို မယုံကြည်နိုင်ပါက ခရစ်တော်သည် မနေ့၊ ယနေ့နှင့် ထာဝရကာလပြောင်းလဲခြင်းမရှိသည်ကိုသင်မဟောပြောနိုင်တော့ပါ။ သူ ၏စကားကို သင်မယုံနိုင်ပါက ဘာဖြစ်မှာလဲ?

ကျွန်တော်တို့နှင့် ကျွန်ုပ်တို့သည်မယုံကြည်သူများနှင့် သူပုန်များဖြစ်စေပါသည်။ အသင်းတော်ငယ်ကလေးက ငိုကြွေးသည်မှာမဆန်းပါ။ ‘ငါ့သခင်ဘယ်မှာလဲ? သမိုင်း၏ဘုရားသခင်က ဘယ်မှာလဲ? ယေရှုဘယ်မှာလဲ?ကျွန်တော် နှင့်အတူအမြဲရှိသည်ဟု ပြောခဲ့သည်။ ကျွန်တော်တို့ရှေ့က သွားနှင့်သည်။တစ်ကမ္ဘာလုံးကုန်ဆုံးသည်တိုင် ကိုယ်တော် သည် ကျွန်ုပ်တို့နှင့်အတူ ရှိတော်မူပါသလား?’ သူပြုသော အမှုမှာ...

အသင်းတော်က ဖြစ်လာတော့မည်ကိုတွေ့ရသဖြင့် အဖွဲ့အစည်းများလုပ်ခြင်းဖြင့် သူတို့အရမ်းအလုပ်များနေကြ ပါသည်... သူတို့ အဖွဲ့အစည်းထဲက သူတို့ထွက်မလာပါ။ နတ်ဆိုးဟုဆိုပြီးသူတို့လွှင့်ပစ်လိုက်ပါသည်- ထိုစဉ်က သူတို့ လုပ်ခဲ့သည့်နည်းအတိုင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် တွေဝေနေဆဲဖြစ်ရပါသည်။

23 ၂၃။ ငါ့သခင်ကိုသူတို့ယူသွားကြပြီ။ ငါပွဲတော်စားပွဲပေါ်သို့ သွားခဲ့ပါသည်။ သူတို့ကကျွန်တော်ကိုပြောပါသည်။ ငါက သန့်ရှင်းသောပွဲတော်မင်္ဂလာကို ခံယူပါက အသင်းတော်ကိုယုံကြည်ပါက... ငါသွား၍လုပ်ခဲ့ပါသည်။ ငါဘာတွေ့သလဲ?‘ ဘာမှမတွေ့ပါ။

ဆီသြလော်ဂျီများစွာနှင့် စိတ်ပညာများစွာတို့ဖြစ်ပါသည်။ သို့သော်ထမြောက်တော်မူသောသခင်ကို မတွေ့ ပါ။ ’သူတို့ကသင်ရေလှုန်းခံရပါက သင်ရမည်ဟုဆိုသည်။ ကျွန်တော်လည်း ထိုနည်းအတိုင်းလုပ်ပါသည်။မျက်နှာကို ရှေ့သို့ ဦးတည်ထားပြီး ဗတ္တိဇံခံရသည်ဟုဆိုသောအခါ လုပ်ပါသည်။နောက်ပြန်ထားဟုဆိုပါကလည်း လုပ်ပါသည်။ ဗတ္တိဇံများ အားလုံး ကျွန်တော်လုပ်သည်။အသင်းတော်များအားလုံးမှာ ပါဝင်သည်။ သူတို့၏ယုံကြည်ချက်များကို ကျွန်တော်ဖတ်၍ငါ၏ကိုယ်တော်ဘယ်မှာလဲ? ကိုယ်တော်ကိုဘယ်သူယူသွားသလဲ? သူတို့ကိုယ်တော်ကို ယူသွားပါ သည်။

ဘယ်သူ ကိုယ်တော်ကို ယူသွားပါသလဲ? အဖွဲ့အစည်းတစ်ခုက သူ့ကိုယူသွားပါသည်။တစ်ခါငြင်းပယ်ပါက သင့်ကို ငါအတိအကျသမိုင်းဝင်ဖြစ်ကြောင်း သက်သေပြပါမည်။ သူ့အားယူဆောင်သွားသောအရာဖြစ်ပါသည်။- ကတ်သ လစ်အသင်းတော်ကို ဖြစ်စေပါသည်။-အဖွဲ့အစည်းဖြစ်ပါသည်။

ပရိုတက်စတင့်များက ပြန်လည်လှည့်လာပါသည်။ကတ်သလစ်အသင်းတော်ပြုလုပ်ခဲ့သည့်အတိုင်း ပြုလုပ်ပါသည်။-အဖွဲ့အစည်းဖွဲ့စည်းပါသည်။သင် ထိုသို့လုပ်ပါက ဘုရားကိုယူလိုက်ခြင်းဖြစ်ပါသည်။ သမိုင်းကို ကြည့်ပါ။ကျမ်းစာကိုကြည့်ပါ။ ပြည့်စုံမှုရှိ၊ မရှိကြည့်ပါ။ အတိအကျပင်ဖြစ်ပါသည်။ကိုယ်တော်ကို သူတို့ယူသွားကြပါသည်။

24 ၂၄။ ဟိုနေရာမှာကျွန်တော်ညီအစ်ကိုတစ်ဦးရှိပါသည်။ သူက တစ်ပါးတစ်ဆူကိုယုံကြည်သူပါ။ နှစ်ပါးတစ်ဆူယုံကြည်သူတစ်ဦးလည်း ရှိပါသည်။ ဒီမှာလည်း တစ်ဦးရှိပါသည်... အချို့သောသူများ ဖြစ်ပါသည်။ (သို့) ထိုသို့ဖြစ်ပါ သည်။အဲဒါဘာလဲ? ‘စနစ်’ ကလေးများဖြစ်၍ နောက်ပိုင်းမှာ ‘iems’ များမဟုတ်တော့ဘဲ ‘wasms’ များဖြစ်သွားပါ သည်။မှန်ပါသည်။ သို့သော် ဘာဖြစ်မလဲ?သတင်းစကားမှာ အလားတူပင်ဖြစ်ပါသည်။ ကိုယ်တော်သေခြင်းမှ ထ မြောက်ပါသည်။

လူတစ်ဦးကို အဖွဲ့အစည်း (သို့)ပုံစံအချို့ (သို့) တစ်စုံတစ်ရာကို လက်ညှိုးမထိုးပါနှင့်။ ယေရှုခရစ်တော်ထံကို သာလက်ညှိုးထားပါ။ မနေ့၊ ယနေ့နှင့် ထာဝရကာလပြောင်းလဲခြင်းမရှိသောကိုယ်တော် ဖြစ်ပါသည်။သူသေခြင်းမှ ထ မြောက်ပါသည်။ သူ့အား ကြည့်ရမည်ဖြစ်ပါသည်။ ယနေ့ကျွန်တော်တို့အလွန်ကြီးကျယ်သော ဆီသြလော်ဂျီကျောင်းကို သူ့အား လမ်းပြလိုက်ပါသည်။ကျွန်ုပ်တို့၏အဖွဲ့အစည်းအချို့ပင် ဖြစ်ပါသည်။

သို့သော် သူမအားကုသပေးခြင်းမှာသူမငိုကြွေးခြင်းနှင့် သူမကြေကွဲဝမ်းနည်းမှုလာပါသည်။ သူမအားကုသခြင်း ရောက်လာပါသည်။ သူမဝမ်းနည်းခြင်းဖြင့် ဆုံးသွားခြင်းမှာ သူမက သူမနာမည်ခေါ်ခြင်းကိုကြားရသောအခါမှာဖြစ်ပါ သည်။ ကိုယ်တော်ကို သူမ၏သခင်အဖြစ် အသိအမှတ်ပြုခြင်းခံရပါသည်။ သူမကိုမေးကြပါသည်။ ‘သေသူများအကြားမှာ သင်က ဘာကြောင့်အသက်ရှင်သူကို ရှာရသနည်း?’ မာရိက သူမ၏ကိုယ်တော်သည် သေနေသောယုံကြည်ချက် များ ကြားမှာမရှိကြောင်းသိရပါတော့သည်။

အသင်းတော်ကသိသည်နှင့်တစ်ပြိုင်နက်မာရိကဲ့သို့ပင် ကျွန်ုပ်တို့၏ရှင်ပြန်ထမြောက်သောသခင်သည် ယုံကြည်ချက်သြဝါဒသက်သက်မဟုတ်ကြောင်း သိရပါသည်... သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံ၏ကိုယ်ပိုင်အတွေ့ အကြုံအားဖြင့် ယုံကြည်သူ၏နှလုံးသားထဲမှာ ဖြစ်ပါသည်။ သူကသြဝါဒမှာမဟုတ်ပါ။ အသင်းတော်အဖွဲ့အစည်း များထဲမှာ မဟုတ်ပါ။ သူမဟုတ်ပါ။ ယုံကြည်သူ၏နှလုံးသားထဲမှာ ကိုယ်တော်နှင့်ပင် ကိုယ်ပိုင်အတွေ့အကြုံရှိ၍ သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံရှိပါသည်။ သူက ယုံကြည်ချက်ထဲမှာမဟုတ်ပါ။ အသင်းတော်အဖွဲ့အစည်းထဲမှာ မဟုတ်ပါ။သူမဟုတ်ပါ။ ယုံကြည်သူ၏ နှလုံးသားထဲမှာသာရှိပါသည်။ သူသည်သူတို့၏သေနေသောလူများနှင့်အတူ မဟုတ်ပါ။ အပြင်မှာ မဟုတ်ပါ။ သို့သော် သူအသက်ရှင်နေပါသည်။

25 ၂၅။ အို၊အသင်းတော်ကို ယနေ့ညဆောင်ယူသွားရမည့် သတင်းစကားရှိပါသည်! သူတို့ လက်ခံရရှိပါသလား? ထို ထက်မပိုပါ။ ထိုစဉ်ကထက်ပင်ပိုဆိုးပါသည်။ တပည့်တော်များက ကြားသောအခါ သူတို့ယုံကြည်ကြပါသည်။ သမ္မာကျမ်းစာဆိုထားပါသည်။ ဤအကြောင်းအရာကို သူတို့ကြားသောအခါ သူတို့ဝမ်းမြောက်၍ ကိုယ်တော်ကိုတွေ့ ကြပါသည်။ သူ တို့ သခင်အဖြစ်အသိအမှတ်ပြုပါသည်။

လူယောကျာ်း (သို့) လူမိန်းမ၊ လူကလေး(သို့) မိန်းကလေးတစ်ဦးဦး ယနေ့ညထွက်လာပြီး သင့်အသင်းတော်၏ ယုံကြည်ချက်အတိုင်းထွက်လာရန်ဆန္ဒရှိပါသည်... သင့်အသင်းတော်နှင့်မပတ်သက်ရန်ကိုယ်တော်သင့်ကို မပြောပါ။

ကောင်းပါပြီ။ သင်၏စိတ်ကို ထိုယုံကြည်ချက်နောက်မှာဖွက်ထားပါ။ သင့်ကို ကယ်တင်မည်ဟုစဉ်းစားပါ။

သင်၏ ကယ်တင်ပိုင်ရှင်အရှင်သခင်အဖြစ်ခရစ်တော်ကို သင်မတွေ့ပါက သင်ဘယ်တော့မှကယ်တင်ခြင်း မရပါ။ သူ၏ဝိညာဉ်ကသင့်ဘဝကိုဖြည့်စေပါမည်။ ဤနိမိတ်လက္ခဏာများမှာ ယုံကြည်သူများကို အဖော်ပြုသွားမည်ဖြစ်ပါသည်။

26 ၂၆။ ပင်တေကုတ္တေများလုပ်သကဲ့သို့ကခုန်ခြင်းမဟုတ်ပါ။ သူတို့လုပ်သကဲ့သို့ ရင်ခွဲရုံမဟုတ်ပါ။ ပင်တေကုတ္တေများကယခုအခါမှာ ဇဝေဇဝါဖြစ်နေပါသည်။ သူတို့ ရင်ခွဲရုံကို ပြန်ရောက်နေကြပါသည်။ထိုသို့မဟုတ်ပါ။ သင်က ထိုအရာကို သူတို့အားမိတ်ဆက်မပေးပါ။ အသက်ရှင်ထမြောက်တော်မူသော ကိုယ်တော်ကိုမိတ်ဆက်ပေးခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မှာထိုသို့ဖြစ်တပည့်တော်များကဲ့သို့ သင့်မှာဝမ်းမြောက်ရ ပါမည်။ကိုယ်တော်ကိုတွေ့သောအခါ သင်သိပါသည်။ ထိုနိမိတ်လက္ခဏာကို သူတို့ရှေ့မှာကိုယ်တော်ကပြသောအခါ သူသည်ယေရှုဖြစ်ကြောင်းဖော်ပြ၍ ကိုယ်တော်ပြုခဲ့သောအရာများကိုသာ ပြုကြပါသည်... ဘယ်သူမှ မလုပ်နိုင်ပါ။ ခရစ်တော်သာလျှင်လုပ်နိုင်ပါသည်။ သူတို့၏သခင်ဖြစ်ကြောင်း သူတို့သိကြပါသည်။ သူတို့ပျော်ကြပါသည်။ကယောဖနှင့်သူတို့ ဖြစ်ပါသည်။ ဧမောက်မြို့သို့သွားရန် လမ်းမှာတစ်နေ့လုံး ကြာပါသည်။ဥပုသ်နေ့ခရီးစဉ်ဖြစ်ပါသည်။ ထိုစဉ်ကကဲ့သို့ မိနစ်အနည်းငယ်သာကြာပါသည်။ ယနေ့လည်းထိုနည်းအ တိုင်းပင် ဖြစ်ပါသည်။ မိနစ်အနည်းငယ်အတွင်း ပြန်ရောက်လာပါမည်။ အိုအမှန်တရားကို သူတို့တွေ့ပါက သူရှင်ပြန်ထ မြောက်ပါသည်။ အကြောင်းမှာ ကိုယ်တော်သူ၏နှုတ်ကပတ်တော်ကို စောင့်ထိန်း၍ပြည့်စုံစေပါသည်။ သူကားတိုင်ပေါ် မတက်မီပြုလုပ်သကဲ့သို့

အတိအကျ ပြုလုပ်ပါသည်။ တစ်နိုင်ငံလုံးမှာသူတို့ခြေကျင်ခရီးအပြင်းနှင်ကြပါသည်။ လေးငါး တိုက်သာ သူတို့ရောက်ကြပါသည်။

သူတို့အလျင်အမြန်သွားကြပါသည်!ကျန်လူများကို သူတို့ပြောလိုကြပါသည်။ ‘တကယ်ပဲကိုယ်တော်ရှင်ထ မြောက်ပါသည်။ တကယ်ပဲဖြစ်ပါသည်!’ သူတို့စိတ်နှလုံးထဲမှာ တစ်စုံတစ်ရာရှိပါသည်။

27 ၂၇။ သူတို့၏ဘာသာရေးအချက်အလက်များကိုသူတို့သွား၍ အငြင်းအခုန်ပြုလုပ်ကြမည်မဟုတ်ပါ။ သူတို့သွား၍ပြော ကြပါမည်။ ‘ကိုယ်တော်ရှင်အသက်ရှင်ကြောင်းကျွန်တော်သိပါသည်။ ကိုယ်တော်ကို သိပါသည်။ အကြောင်းမှာ ကိုယ်တော်ကျွန်တော်တို့ထံပေါ် လာပါသည်။ သူမသေဆုံးမီပြုလုပ်သော အလားတူအရာကိုသာလုပ်ကြောင်းကျွန်တော်တို့ တွေ့ရပါသည်။ ကိုယ်တော်ကို ကားတင်မသတ်မီက ဖြစ်ပါသည်။သူ၏ခန္ဓာကိုယ်ကို သူတို့ခိုး မသွားကြပါ။ မိန်းမများ ပြောသည်မှာ မှန်ပါသည်။အကြောင်းမှာ ကိုယ်တော်သေခြင်းမှထမြောက်သောကြောင့် ဖြစ်ပါ သည်။ အကြောင်းမှာ ကိုယ်တော်ရှင်ဖြစ်သောကြောင့် ဖြစ်ပါသည်!

သူတို့ တစ်နေရာရာမှာရပ်ပြီးတစ်ဦးကိုတစ်ဦးကြည့်ကြပါသည်... တစ်နေရာရာမှာ ခေတ္တနားနေကြပါသည်။ ‘ကျွန်ုပ်တို့၏စိတ်နှလုံးများကျွန်ုပ်တို့အထဲမှာတောက်လောင်မနေဘူးလား?ကိုယ်တော်ဖြစ်ကြောင်း ကျွန်တော်တို့သိ သင့်ပါသည်။ သူက ကျမ်းစာကိုပြန်၍ဖတ်ပါသည်။ လမ်းတစ်လျှောက်လုံး ကိုယ်တော်ရှင် ကျွန်ုပ်တို့အား စကားပြောနေ စဉ်မှာကျွန်ုပ်တို့စိတ်နှလုံးများ ကျွန်ုပ်တို့အထဲမှာတောက်လောင်မနေဘူးလား?’ ‘လူမိုက်များကျွန်ုပ်တို့စိတ်နှလုံးမှာ နားလည်ရန် နှေးကွေးနေပါသည်။ ခရစ်တော်က ဝေဒနာခံစား၍သူ၏ဘုန်းထဲသို့ ဝင်စားရပါသည်ဟု ကျမ်းစာဆိုထား ပါသည်မဟုတ်လား?’ တစ္ဆေဖြစ်ကြောင်းသူတို့သိပါသည်။ အကြောင်းမှာ ကျမ်းစာနှင့်ဖြောင့်မှန်စွာတစ်လိုင်းထဲဖြစ်နေသောကြောင့် ဖြစ်ပါသည်။ ဘယ်သူတွေက ဘာပြောပြောကိစ္စမရှိပါ။

အသင်းတော်က နေရာတစ်နေရာရောက်သောအခါကျမ်းစာသွန်သင်မှုနှင့်ကိုက်ညီပြီး လူလုပ်သောဆီဩလော် ဂျီကိုယူရန်ကြိုးစားမည့်အစား ပိုမိုလျင်မြန်စွာခရစ်တော်ကို သင်တွေ့ရပါသည်။ အဲဒါမှန်ပါတယ်။ကျွန်တော်ညီအစ်ကို ‘ဘုရားသခင်ကအခြားအုတ်မြစ်အပေါ် မှာ မတည်ဆောက်ဘဲ တမန်တော်များချမှတ်ပြီးသောအပေါ် မှာသာတည်ဆောက်ပါသည်။ မှန်ပါသည်။

အို၊ ဟုတ်ပါတယ် ‘ သူတို့ ပျော်ရွှင်ကြပါတယ်။

28 ၂၈။ ယနေ့အသင်းတော်များမှာပင်တေကုတ္တေနေ့မှာကတည်းက ပြောင်းလဲသွားကြပြီဖြစ်ပါသည်။ ထိုနေ့က တည်းကသူတို့ဘယ်လောက်ပြောင်းလဲသလဲ! အသင်းတော်များ ယနေ့တွေ့ဆုံ၍ ဂုဏ်ပြုပါသည်... ကျွန်တော်မပြော လိုပါ။ သို့သော် ကျွန်တော်အတွက်အသင်းတော်များယနေ့ဆုံတွေ့ခြင်းမှာ အသေကောင်ကို ဂုဏ်ပြုသကဲ့သို့ဖြစ်နေပါ သည်။သူတို့နေရာ တစ်ခုထဲဝင်သွား၍ သီချင်းဆိုပါသည်။ ‘ကိုယ်တော်နှင့်နီးစေပါ’ နှင့် ထိုသို့သောနှေးကွေး၍ အသုဘ သီချင်းမျိုးလေးလံသောအသံကြားရပါသည်။

သူတို့လာ၍ ပြောကြပါသည်။ ‘ယခု ကျွန်တော်တို့ တမန်တော်ဝတ္တုကိုရွတ်ကြပါစို့’ ဒီဟာ- ဒီဟာယုံကြည်ချက်တွေကို အထပ်ထပ်ရွတ်ဆိုကြပါစို့။ ‘ဒေါက်တာဘယ်သူဘယ်ဝါစသည်စသည်ဖြင့်...’ အို ဖြစ်ရလေ! သင်ဝမ်းနည်းနေသကဲ့သို့ဖြစ်ပါသည်။ အသေကောင်က တရားဟောသည်။ အသေကောင်က ကြိုးစားသည်... တစ်ချိန်က အသက်ရှင်ခဲ့သော အသေကောင်အကြောင်းပြောသည်။ သင်္ချိုင်းတွင်းထဲမှာ နှစ်ပေါင်းများစွာနေခဲ့သော အသေကောင်အကြောင်း ပြောပါသည်။အသေကောင်၊ အသေကောင်၊ အသေကောင်သာဖြစ်ပါသည်။

သူတို့က နှစ်ပေါင်း၁၉၀၀ကသေသွားခဲ့သောကိုယ်တော်ကို ဂုဏ်ပြုနေကြပါသည်။ အသင်းတော်မှာ ယနေ့ရောက်နေသောအခြေအနေပင်ဖြစ်ပါသည်။ အာမင်! ဘုရားဘုန်းထင်ရှားပါစေ! ကျွန်တော်ပင်တေကုတ္တေဖြစ်ရသဖြင့် ဝမ်းသာပါသည်- စိတ်နှလုံးထဲမှာဖြစ်သည်။ ဂိုဏ်းဂဏအားဖြင့်မဟုတ်ပါ။ မဟုတ်ပါ။ တမန်တော်နာမည်ကို ပယ်ဖျက် လိုက်ပါ။ သို့သော်အတွေ့အကြုံအနေနှင့်ဖြစ်ပါသည်။ သေသူအချို့အတွက် ကျွန်တော်တို့ကလာပြီးဂုဏ်ပြုထိုက်ပါ သည်။ ကျွန်တော်တို့ အောင်မြင်သူကို ချီးမြှောက်၍သေခြင်း၊ငရဲနှင့်သင်္ချိုင်းဂူကို အောင်မြင်ပါသည်။ အနာရောဂါ၊ နတ်ဆိုးမယုံကြည်ခြင်းများကိုအောင်မြင်ပါသည်။ အောင်မြင်ပါသည်!

29 ၂၉။ ဤကျောင်းမှာဘေစ့်ဘောလ်အဖွဲ့ရှိသည်ကို သင်စဉ်းစားမိပါသလား။ ဘတ်စကတ်ဘောလ်အသင်းရှိပါသလား? သူတို့ထွက်သွား၍သူတို့အဖွဲ့ကိုအောင်မြင်ပါသည်။ ပြီးလျှင် ပြန်လာပါသည်။ သူတို့မတ်တပ်ရပ်နေသည်ကိုစဉ်းစားမိပါ သလား... သီချင်းဆို၍ သီချင်းကလေးများလည်း ‘ကိုယ်တော်နှင့်နီးစေပါ’ သူတို့အတွက် ဖြစ်ပါသလား? ဘာကြောင့် သူ တို့အလံများပျံ့ဝဲနေပြီးတလူလူလွင့်နေပါသလဲ...

နပိုလီယံပြန်လာသောအခါ ဘယ်လိုဖြစ်ပါသလဲ? စတာလင်ဘာဖြစ်သလဲ၊ ဂျာမနီနိုင်ငံထဲသူတို့ဝင်သွားသောအ ခါဘာဖြစ်သလဲ? သေနတ်များကို သူတို့ဘာကြောင့်ပစ်သလဲ၊ အလေးပြုရသလဲ။ ရုရှားမှာ အလံမေးသောအခါခြေထောက် ဘာကြောင့် ကျော်ထားရသလဲ!

လူကလေးများ အောင်မြင်မှုရပြီးအိမ်ပြန်လာသောအခါ ဘယ်လိုနေပါသလဲ?ဝီစီများမှုတ်ပါသည်။ လူတွေ လန့် ဖြတ်သွားပါသည်။ သေနတ်ပစ်သည်။ အော်ဟစ်ကြသည်။ခေါင်းလောင်းတီးကြသည်။ ဘာကြောင့်လဲ?ငါတို့ရန်သူကို ငါ တို့အောင်မြင်ပြီ! ဘုန်းကြီးပါစေ!

ယနေ့ သင်ထင်သည်မှာသင်ကရင်ခွဲရုံအမျိုးမျိုးသို့ရောက်နေပါသည်။ ဘုရားကျောင်းထဲသွားပါ။ သူတို့... ‘ခမည်းတော်ဘုရားသခင်ကို ကျွန်ုပ်တို့ယုံကြည်ပါ၏။’ ရှင်ပြန်ထမြောက်တော်မူသောယေရှုခရစ်ကိုယုံကြည်ပါသည် (အာမင်!) သေခြင်း၊ ငရဲနှင့်သင်္ချိုင်းကို အောင်မြင်သူ! ကိုယ်တော်ယနေ့ညအသက်ရှင်တော်မူကြောင်း ကျွန်ုပ်ယုံကြည် ပါသည်။ ဤအဆောက်အဦထဲမှာကျွန်ုပ်တို့နှင့်အတူ အသက်ရှင်နေပါသည်။ ကိုယ်တော်၏ကတိတော်အရ ဖြစ်ပါ သည်။ ‘ နှစ်ဦးသုံးဦး အတူတကွစုဝေး၍ ဆုတောင်းပါကသူတို့အလယ်မှာ ငါရှိသည်။ ဟုတ်ပါတယ်

ဆရာ! အခုက ဝတ်ပြုအစည်းအဝေးအချို့ မဟုတ်ပါ။သို့သော် ကြီးမြတ်သောအောင်မြင်သူကို ချီးမြှောက်ခြင်းပင်ဖြစ်ပါသည်။

30 ၃၀။ သို့သော်ကျွန်ုပ်တို့နှင့်ပြဿနာမှာ ကျွန်တော်တို့၏ အောင်မြင်သူကို ကျွန်တော်တို့မကြည့်ကြပါ။ကျွန်တော်တို့၏ သင်းအုပ်ဆရာကို ကျွန်တော်တို့ကြည့်ပါသည်။ ကြီးမြတ်သောဇေဝဂလိဆရာကိုကျွန်တော်တို့ကြည့်ပါသည်။ တစ်ဦး တည်းမှာ... ထိုအကြောင်းကို သူတို့ဘာပြောကြောင်းကျွန်တော်တို့တွေ့ပါသည်။ မှန်ပါတယ် ဆရာ။ တစ်ဦးကိုတစ်ဦး ကြည့်ကြပါသည်။ သို့သော်ကျွန်တော်တို့ကို အမိန့်ပေးထားသည်မှာ ကိုယ်တော်ကိုကြည့်ရန်ဖြစ်ပါသည်။ကျွန်တော်တို့ ကြည့်ပြီး... ပြောပါသည်။ တစ်စုံတစ်ရာရှိပြီး (သို့)အခြားအရာတစ်ခုဖြစ်ပါက... ကောင်းပါပြီ။ ကိုယ်တော်က တစ်စုံတစ်ရာကို လုပ်ပါသည်။ သူက တစ်စုံတစ်ယောက်ကို အနာရောဂါငြိမ်းစေပါသည်။ သူကထိုသို့သောအရာတစ်စုံတစ်ခုကို လုပ်ခဲ့ပါသည်။ သို့သော် ကောင်းပါပြီ။ ယခုအခါမှာကျွန်တော်တို့ပြောပါမည်။ ‘ဒေါက်တာဂျုံးပြောသည်ကိုကြည့်ကြပါစို့။ ကျွန်တော်တို့ အသင်းတော်က ထိုအရာကိုမယုံကြည်ပါကကျွန်တော်တို့လက်မခံကြပါ’ သင်းအုပ်ကဘာပြောသည်ကို သင်ကြည့်နေပါသည်။ ဘီးရှော့က ဘာပြောနေသည်ကို သင်ကြည့်နေပါသည်။

သင်က ဘယ်တော့မှ ခရစ်တော်ကိုတွေ့ရမည်မဟုတ်ပါ။ယေရှုက သေခြင်းမှထမြောက်သည်ကို သူတို့ကြားရ သောအခါ သူတို့ရှေ့မှပေါ်လာပါသည်။သူတို့ရပ်၍ တစ်ဦးကိုတစ်ဦးကြည့်မနေပါ။ ကိုယ်တော်ကို သူတို့ကြည့်နေကြပါ သည်။သူ၏တန်ခိုးကို သူတို့တွေ့ကြပါသည်။ အံ့ဖွယ်ရာများကို သူလုပ်ကြောင်းသူတို့တွေ့ရပြီးသူတို့၏အသက်ရှင်သော ဘုရားဖြစ်ကြောင်း သူတို့သိရပါသည်။ သူတို့တစ်ဦးကိုတစ်ဦးမကြည့်ကြပါ။ သူတို့ကို ကြည့်ရန်လည်း ဘယ်သူကိုမှမမေး ကြပါ။

သို့သော် ယနေ့ရုပ်အကြွင်းများကိုသိပ်ထားသမျှ ပေါ်ထွက်လာပါသည်။ ‘ကျွန်တော်ကဒေါက်တာဘယ်သူ ဘယ်ဝါဖြစ်၍ ပညာရေးနှင့်ပတ်သက်ပြီး ဘာတွေဖြစ်ခဲ့ပါသည်။ ကျွန်တော်ကပီအပ်ချ်ဒီအယ်လ်၊ အယ်လ်ဒီ၊ ကြူအက်စ် ဒီဖြစ်ပါသည်’ ဤအရာများ အားလုံးမှာ အခြားအရာများဖြစ်ပါသည်။ ခရစ်တော်မှာထိုအားလုံးအထဲမှာ ဘယ်နေရာမှာ ရှိ ပါသလဲ?ကျွန်တော်တို့မှာ ဘာရှိပါသလဲ? ရင်ခွဲရုံဖြစ်သည်။ သင်္ချိုင်းဂူထဲမှာ သေနေသောခရစ်တော်ကို ကိုးကွယ်နေကြ ခြင်းဖြစ်ပါသည်။

အသက်ရှင်သောအသင်းတော်မှာသင်္ချိုင်းဂူထဲမှာ သေနေသောခရစ်တော်ကို ကျွန်တော်တို့မကိုးကွယ်ကြပါ။ အသင်း တော်မှာအသက်ရှင်သောဘုရားသခင်၏အသင်းတော်ဖြစ်ပါသည်။ ကျွန်တော်တို့ရှင်ပြန်ထမြောက်၍အောင်မြင်သူကို ဝတ်ပြုကိုးကွယ်ကြပါသည်။ကျွန်တော်တို့၏မယုံကြည်ခြင်းကို အောင်မြင်၍ထိုယုံကြည်ချက်များအားလုံးမှာ သူ၏ခြေဖဝါးအောက်မှာ ၎င်းချေခြင်းခံရသည်။ ‘ငါသည်သင်တို့နှင့်ဆိုင်၍ သင်တို့သည်လည်း ငါနှင့်ဆိုင်ပါသည်။ ’အာမင ‘ ငါသည် အမြဲတမ်းအသက်ရှင်ပါသည်။’ အလွန်ကြီးမြတ်သော အောင်နိုင်သူဖြစ်ပါသည်ထိုသူပင်ဖြစ်ပါသည်။ ငါ၏ယုံ ကြည်ခြင်းက ကြည့်နေသောအရာပင် ဖြစ်ပါသည်။

31 ၃၁။ ယနေ့ကျွန်တော်တို့ လုပ်လိုသောအရာမှာ သနားစရာငိုကြွေးပြီး တောထဲမှကြက်သွန်ဖြူစားပြီးအီဂျစ်နိ်ုင်ငံ၏ အသားဟင်းများကို တောင့်တသောသူများကို ပြန်မကြည့်ပါနှင့်... အတိုကလေးများဝတ်၍ နှုတ်ခမ်းနီဆိုးပြီး ဆံပင်ညှပ် လျက်ဘုရားတန်ခိုးတော်ကို ငြင်းပယ်သူများဖြစ်ပါသည်။ သူတို့ဘာသာ ရှိပါစေ! တောထဲမှာသူတို့ပျောက်ဆုံးသွားပါ သည်။

ကျွန်တော်တို့၏ကြီးမြတ်သူယေရှုနောက်ကိုလိုက်ပါရစေ။ (ဟာလေလုယာ!) ကျွန်ုပ်တို့၏ခေါင်းဆောင်ဖြစ်ပါသည်။ ဘာမေးခွန်းမှမမေးပါနှင့်။ တစ်ဆင့်စီသွားပါ။ ဆက်သွားပါ။ နောက်ပြန်လှည့်မကြည့်ပါနှင့်။ သူတို့ကိုဂရုမစိုက်ပါ နှင့်။ အီဂျစ်နိုင်ငံမှာ သူတို့နေထိုင်ပါကလောကအရာများနှင့်ချမ်းသာလိုပါက သူတို့၏ရုပ်ရှင်ကြယ်ပွင့်များနှင့် အရာ အားလုံးမှာသတ်သွားကြပါစေ။ ကျွန်တော်တို့ ကိုယ်တော်ကိုကြည့်ကြပါသည်။ ယေရှုကို ကြည့်ကြပါသည်။ဟုတ်နေ ခြင်းကို ကြည့်မနေကြပါ။

ယနေ့ ကျွန်တော်တို့၏အခက်အခဲမှာသင်ပြောသကဲ့သို့ ‘ယခုစောင့်ပါ။ သင်မဆောက်သင့်ပါ။ သင်ရုပ်ရှင်များကို မသွားသင့်ပါ။ သင်ဒါမလုပ်သင့်ပါ။သင်မလုပ်သင့်... မိန်းမတွေ ဆံပင်မဖြတ်သင့်ပါ။တိုတိုကလေးများ မဝတ်သင့်ပါ’ ကျွန်တော်စဉ်းစားမိသည်မှာတစ်စုံတစ်ဦးကအခြားနယ်တစ်နယ်ရောက်နေပြီး ခါနန်ပြည်က စပျစ်သီးများ ကိုစားပါကသဖန်းသီးများကိုစားပါက အလွန်ကောင်းသောပျားရည်များ ထိုနေရာမှာရှိပြီးကမ္ဘာလောကကြီး၏ ကြက်သွန်ဖြူကို သူတို့ လုံးဝမ လိုလားပါ။

၃၂။ ၎င်း၏အရာမှာသူတို့ကို ကျွန်တော်တို့ကြက်သွန်ဖြူသာကျွေး၍ ရေငတ်ပြီးဗိုက်နာစေခြင်းပင်ဖြစ်ပါသည်။(ထိုအ ဖြူအနူကိုခွင့်လွှတ်ပါ။ တရားဟောစင်မှာ မသင့်တော်ပါ။) သို့သော် ပြန်သွားပါ။လောက လောကအတွက် သူတို့သွား လိုပါက ပြန်သွားခိုင်းပါ။ ကျွန်တော်တို့ရှေ့သို့သွားနေကြပါသည်! တမန်တော်ဝတ္ထုသာမကပါ။ တမန်၂နှင့်၄က နောက်ဖက်မှာ လှည့်လည်သွားလာပါသည်။ အလားတူ မြေပြင်ပေါ်မှာသာရှိပါသည်။ သူတို့ဘာလုပ်ပါသလဲ? နှစ်ပေါင်းလေး ဆယ်သူတို့နဲ့အတူနေထိုင်ပြီး ထိုနေရာမှာသေဆုံးပါသည်။ တစ်ချိန်လုံး ထိုနေရာအဆောင်မှာပင်ဖြစ်ပါသည်။ ကိစ္စမရှိ ပါ။ တမန်တော်၂ နှင့် ၄ ကထိုအရာ၏တစ်စိတ်တစ်ပိုင်းပင်ဖြစ်ပါသည်။

သို့သော်ထိုအရာမှာ ကိုယ်တော်သည်တစ်နေ့သောအခါမှာ ပြောပါသည်။ ‘ထပါ။သင်တောင်ပေါ်မှာ နှစ်ပေါင်း လေးဆယ် ရှိပါပြီ။ ပြန်လာပါ။ ယော်ဒန်မြစ်ကိုဖြတ်ကျော်ပါ။ ခွဲခြားမှုဖြစ်ပါသည်။ သင့်အတွက် ဤတောင်ထက်ပိုပါသည်။

တဖန် ၂နှင့်၄ ထက်ပင် သင့်အတွက်ပိုပါသည်။အဆောင်ထဲမှာ ပေးထားသောကတိတိုင်းမှာ အသင်းတော်နှင့် ဆိုင်ပါသည်။ ဘုရားသခင်ကသူ၏အသင်းတော်ပေါ်ထွက်လာမည်ကို စောင့်နေပါသည်။ လက်ခံပါသည်။

32 ၃၃။ သင်ဟုတ်နေဆဲဖြစ်ပါကသင်မည်သို့လုပ်နိုင်ပါမည်နည်း။ ကမ္ဘာလောကကြီးကဲ့သို့ ဖြစ်လိုပါသလား? သင်စားနေဆဲမှာပင်သင်မည်သို့လုပ်နိုင်ပါမည်နည်း... ကြက်သွန်ဖြူကိုတောင့်တနေပါသလား? အီဂျစ်နိုင်ငံ၏ အသား ဟင်းများလား?

မဟုတ်ပါ။ ယောရှုနှင့်အတူတစ်လှမ်းခြင်းသွားပါ။ မှန်ပါသည်။ စပျစ်သီးအခက်များကို ယူပါ။ ပင်တေကုတ္တေစပျစ်ရည်အသစ်ကို ယူပါ။ သောက်ပါ ညီအစ်ကို။ သင်က ကမ္ဘာလောကကြီးကိုကြည့်တော့မှာမဟုတ်ပါ။ တစ်စုံတစ်ရာသင့်ကို ဖြစ် ပျက်လာပါမည်။ အို၊ ရှေ့သို့သွားပြီးကျွန်ုပ်တို့၏ ခေါင်းဆောင်ကြီးနောက်သို့ လိုက်ကြပါစို့။ အောင်နိုင်ကြပါစို့။ယောရှုကို ဘုရားသခင်ကိုပြောသည့်အရာကို သတိရပါ 'နေရာတိုင်းမှာ သင်၏ခြေလှမ်းများ ရှိပါသည်။ပိုင်ဆိုင်မှုပင်ဖြစ်ပါသည်။

ညီအစ်ကို၊ထိုခြေလှမ်းတိုင်း၏အနက်အဓိပ္ပာယ်သည် ပိုင်ဆိုင်မှုဖြစ်ပါသည်။ ကတိတော်နှင့်ယှဉ် နယ်မြေသို့ဆက်၍လျှောက်ပါ။ နောက်ပြန်လှည့်မကြည့်ဘဲ အနောက်ဘက်မှာဘာဖြစ်သလဲဆိုတာမကြည့်ပါနှင့်။တစ်စုံတစ်ဦးက ဘာလုပ် သလဲဆိုတာ ကြည့်ပါ။ ယေရှုကိုသာကြည့်ပါ။ယောရှုတည်းဟူသောခေါင်းဆောင်ဖြစ်ပါသည်။ ဆက်၍ လှုပ်ရှားသွားပါ-နက်နဲသောနက်ရှိုင်းမှုများနှင့်မြင့်မားသောအမြင့်များ ဖြစ်ပါသည်- နောက်ဆုံးမှာသင်အရာ ခပ်သိမ်းကိုပိုင်ဆိုင်ပြီး ဘုရားတစ်ဆူ၏နှုတ်ကပတ်တော်အတိုင်းအရာခပ်သိမ်းကိုရရန်ဖြစ်ပါသည်။

33 ၃၄။ လူတိုင်းဤအရာကိုလက်ခံရယူခြင်း မရှိပါ။ လောက၏မျက်လုံးများမှ ကွယ်ထားလျက်ရှိပြီး သူတို့အတွက်မိုက်မဲခြင်းသာဖြစ်ပါသည်။ သို့သော် မွေးဖွား၍ရွေးချယ်ခြင်းခံရသူများမှာထာဝရအသက်အတွက်ဖြစ်၍ ယုံကြည်ကြပါ သည်။ ကျွန်တော်တို့ အသက်ရှင်နေထိုင်သောအချိန်ကိုကျွန်တော်တို့တွေ့ကြပါသည်။ ရှေ့ဆက်သွားကြစို့။ ဤအရာကို သတိရပါ။ ကျွန်တော်တို့နောက်ကွယ်မှာ တစ်စုံတစ်ရာရှိပါသည်။ တပည့်တော်များကို စေလွှတ်သောအခါကိုယ်တော်က ပြောပါသည်။ 'ကောင်းကင်နှင့်မြေကြီးပေါ်မှာရှိသမျှသောတန်ခိုးကာလာများအားလုံးကိုကျွန်ုပ်အားပေးတော်မူပါသည်။ ကောင်းပါသည်။ ကျွန်တော်တို့နောက်ကွယ်မှာရှိပါသည်။ ဘာလဲ? သူလုပ်ခဲ့သောကတိတစ်ခုစီမှာအခွင့်အာဏာရှိသမျှ ကိုယ်တော်အား ပေးအပ်ခဲ့သောကြောင့်ဖြစ်ပါသည်။ ခမည်းတော်က အခွင့်အာဏာအားလုံးကိုသားတော်အားပေး၍ကောင်းကင်မှာ ရှိသောအရာအားလုံး အခွင့်တန်ခိုးအားလုံးကို ငါပိုင်ဆိုင်ပါသည်' ဟုယေရှုကဆိုပါသည်။ 'ငါသည်လည်း သင်နှင့် အတူရှိ သည်' ကျွန်ုပ်တိုကိုနောက်ကွယ်မှကျောထောက်နောက်ခံပေးရန် တစ်စုံတစ်ရာပင်ဖြစ်ပါသည်။ကျွန်တော်တို့နောက်မှာ တစ်စုံတစ်ခုရှိပါသည်။ ကျွန်တော်တို့ရှေ့မှာတစ်စုံတစ်ခုရှိပါသည်။ အာမင်! ထိုအရာမှာလာပါ။ ယုံကြည်ပါ။ သွားပါ။ကျွန်တော်တို့နောက်မှာ တစ်စုံတစ်ခုရှိပါသည်။ ကျွန်တော်တို့အထဲမှာတစ်စုံတစ်ရာရှိပါသည်။ ကျွန်တော်တို့ရှေ့မှာ တစ်စုံတစ်ခုသွားနေပါသည်။ သူရှိခဲ့သည်။သူရှိသည်။ သူလာမည်။ တစ်ချိန်ကယေရှုသည် ယနေ့ညပြောင်းလဲခြင်း မရှိသောယေရှုဖြစ်ပါသည်။ထိုယေရှုကလည်း လာပါမည်။ မနေ့၊ ယနေ့နှင့်ထာဝရ ပြောင်းလဲခြင်းမရှိပါ။ လာပါ။ယုံကြည်ပါ။ သွားပါ။ တစ်စုံတစ်ဦးကို ထိုအကြောင်းကိုပြောပါ။ အာမင်! အို ထိုအရာကိုကျွန်တော်ကို သွားပါသည်! ဘုရား ဘုန်းထင်ရှားပါစေ!

34 ၃၅။ သူ၏အသက်တာမှာ... သူ၏ဘဝအသက်တာနောက်ခံမှာ ကျွန်ုပ်တို့အတွက်သူဘာဖြစ်သလဲပင်ဖြစ်ပါသည်။ သို့ မှသာ ကိုယ်တော်ယနေ့ဘာဖြစ်လဲဆိုတာကျွန်တော်တို့လှည့်ဖျားခြင်းခံရမည်မဟုတ်ပါ။ အို၊ ထိုအရာကို ကျွန်တော် ကြိုက်ပါသည်။ အာမင်! မည်သူ၏စကားကိုမှ ထိုအရာအတွက် လက်မခံပါနှင့်။ ဘုရား၏စကားကိုသာလက်ခံပါ။

သမ္မာကျမ်းစာဆိုထားသည်မှာ... ယေရှုမိန့်တော်မူသည်။ 'သင်သည် ငါ၌တည်၍ ငါ့စကားသည်သင်၌တည်လျှင်သင်တို့တောင်းချင်သမျှကို တောင်း၍ရကြလိမ့်မည်။' ယေရှုမိန့်တော်မူပါသည်။ 'ငါတို့ယုံကြည်သောသူသည် ငါပြုသော အမှုတို့ကို ပြုကြလိမ့်မည်' ယေရှုမိန့်တော်မူသည်။ 'ခဏကြာလျှင် ဤကမ္ဘာလောကကြီးကငါ့ကိုသင်တို့နှင့်အတူရှိမည်။ ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင် သင်တို့နှင့်အတူရှိမည်' ယေရှုခရစ်တော်သည် မနေ့၊ယနေ့နှင့်ထာဝရကာလပြောင်းလဲခြင်း မရှိပါ။ သင်မည်သို့သိပါသနည်း! လူတွေကပြောပါသည်။' ကောင်းပြီ၊ သေချာပါသည်။ ငါထိုအရာကိုယုံကြည်ပါသည်။

ယေရှုမိန့်တော်မူသည်မှာ 'ယုံကြည်သူများကိုဤနိမိတ်လက္ခဏာများပေါ်ထွက်လာပါမည်' ထိုနိမိတ်လက္ခဏာ များမှာ မဟုတ်ပါဟုဆိုသည်။ [မရှင်းလင်းသောစကား] 'သူတို့နှင့်သူတို့ဖြစ်နိုင်လျှင်သူတို့လုပ်သင့်ပါမည်' သူကပြောပါသည်။ 'သူတို့လုပ်မည်' ကောင်းပါပြီ။ 'ယုံကြည်သူများနောက်သို့သူတို့လိုက်ကြပါမည်' ဟုတ်ပါတယ်၊ဆရာ။

35 ၃၆။ ကိုယ်တော်ကဘာလုပ်ခဲ့သနည်း? သူဘာလဲဆိုကပြသရန်သူကကြောမေးခဲ့ပါသည်။ ကျွန်တော်တို့နောက်မှာ ထိုအရာမှာရှိပါသည်။ ကျွန်တော်တို့ဖြေနိုင်သည့်အရာမှာ ကျွန်တော်တို့ထဲမှာ ဘာရှိမည်ကိုပင်ဖြစ်ပါသည်။အို၊ ထိုအရာကို ကျွန်တော်တို့မှာပါသည်! သူဘာလဲဆိုတာကျွန်တော်တို့နောက်လှည့်ကြည့်ကြပါသည်။ သူဘာလဲဆိုတာ ကျွန်တော်တို့ ယခုတွေ့ရပါသည်။

မာရိသည်လည်းပင်းခိုင်မာသောဆီဩလော်ဂျီပညာရှင်ဘယ်တော့မှ မဟုတ်ခဲ့ပါ။ ကိုယ်တော်က သူတို့ကိုသူ တော်ကောင်း ယောင်ဆောင်သူများဟု ခေါ်ပါသည်။ မြက်ပင်များကြားမှ မြွေဆိုးများဟုခေါ်သည်။အမျိုးမျိုးခေါ်ပါသည်။ သင်္ချိုင်းကုန်းထုံးဖြူသုတ်သည်။ လူသေအရိုးများနှင့်ပြည့်နေသော သင်္ချိုင်ဂူများဟု ခေါ်ပါသည်။ သူက သူတို့ကိုမောင်းထုတ်လိုက်ပါသည်။ သူက သူတို့၏အုပ်စုများကို မဆက်သွယ်ပါ။ သို့သော် သူက ခမည်းတော်ထံမှသတင်းစကားနှင့် နေပါသည်။ 'သူကကျမ်းချက်များနှင့်အတူရေးသားထားခြင်းမဟုတ်လား? သူတို့က ဘာကိုပဲတွေ့လို ပါက ကိစ္စမရှိပါ။ ဘာပဲလုပ်ချင်ပါကကိစ္စမရှိပါ။ (ဤတစ်ခုကို သူတို့ကကိုယ်တော်ကို တွေ့စေလိုပြီးထိုအရာကိုလုပ်စေလိုပါသည်) ကိုယ်တော်က ပြောပါသည်' ခမည်းတော်ဖော်ပြသောအရာကို ငါလုပ်သည်ဟုဆိုပါသည်။ ကျွန်တော်ဘာသာကျွန်တော်ပထမဆုံးတွေ့ရပါသည်။

36 ၃၇။ မောရှေကသူပရောဖက်ဖြစ်မည်အကြောင်းပြောပါသည်- မေရှိယမှာ ပရောဖက်ဖြစ်၍လူတို့၏စိတ်နှလုံးအတွေး များကို သူကဝေဖန်ပိုင်းခြားထားပါသည်။ ယေရှုမှာဘုရားနှုတ်ကပတ်တော်ကိုဖော်ပြခြင်းပင်ဖြစ်ပါသည်။ 'အစအဦး၌ နှုတ်ကပတ်တော်ရှိ၍ နှုတ်ကပတ်တော်သည်ဘုရားသခင်ဖြစ်တော်မူသည်... နှုတ်ကပတ်တော်သည် လူဇာတိခံယူတော် မူ၍ကျွန်ုပ်တို့အလယ်မှာ ကျိန်းဝပ်တော်မူပါသည်' သူသည် လူဇာတိခံသောဘုရားဖြစ်ပါသည်။ ထို့ကြောင့် ဘုရား နှုတ်ကပတ်တော်မှာခရစ်တော်အထဲမှာရှိနေပါသည်။

သူသည် ဘုရားနှုတ်ကပတ်တော်ဖြစ်ပါသည်။ သမ္မာကျမ်းစာဆိုထားသည်မှာ ဘုရားနှုတ်ကပတ်တော်က (ဟေဗြဲသြဝါဒစာ အခန်းကြီးလေး)ဒါးသွားထက်ပင်ထက်သောကြောင့် ဖြစ်ပါသည်။

37 သင်မည်သို့ထိုကဲ့သို့ပြု၍အဖွဲ့အစည်းတစ်ခုတွင်ပါဝင်မည်နည်း ? သင်ပြောပါ။ 'သင်ပြောပါကငါတို့သင့်ကိုကန် ထုတ်လိုက်ပါမည်။ ' သင်ထိုအရာကို မည်သို့ပြုလုပ်ပါမည်နည်း။ ဝမ်းနည်းဖွယ်ဖြစ်သည် ! အို၊ ဖြစ်ရလေ !ငါရန်သူရှာနေ သည်ဟုငါသိပါသည်။ သို့သော် ငါကမိတ်ဆွေဖွဲ့နေခြင်းဖြစ်ပါသည်။ ထိုအရာသည်အဓိကဖြစ်ပါသည်။

လုကာပြောသည်ကို ကျွန်တော်ဂရုမစိုက်ပါ။ဘုရားဘာပြောသည်ကိုလည်း ဂရုမစိုက်ပါ။ နှုတ်ကပတ်မဟုတ် ကြောင်း ကျွန်တော်ကိုပြောပါ။ငါတို့ ဘယ်သွားရမည်ကိုကြည့်ပါ။ ပတ်ပတ်လည်ကိုကြည့်ပါ။ ငါတို့ဘယ်ကိုသေရမည်ကိုကြည့်ပါ။ ထ၍သင့်တိုက်ကိုခါလိုက်ပါ။ အီစတာအတွေ့အကြုံသို့ပြန်လာပြီးယေရှုခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်း အတွက် ယနေ့အသက်ရှင်ပါ။ သူယခုအသက်ရှင်၍ရှေ့လျှောက်လည်း ထာဝရအသက်ရှင်ပါမည်။ ဟုတ်ကဲ့။

38 ၃၈။ သူသည်ယနေ့ပြောင်းလဲခြင်းမရှိပါ။

မနေ့က သူကျွန်ုပ်တို့ထံပေါ် ထွက်လာပါသည်။ ကျွန်ုပ်တို့နောက်ကွယ်မှာ ဘာရှိကြောင်းသက်သေပြပါသည်။ကျွန်ုပ်တို့ ထဲမှာ အစားထိုးသောအတွေးရှိပါသည်။ ကိုယ်တော်ရှင်ဘာဖြစ်မည်ပင်ဖြစ်ပါသည်။ အကယ်၍ ဤဘုန်းကြီးသောအရာ မှာ ကိုယ်တော်ရှင်ကျွန်တော်တို့ကြားမှာ ကြွလာတော်မူသောအခါသူကဲ့သို့ကိုယ်ခန္ဓာမျိုး ကျွန်တော်တို့မှာရှိပါက ဘာဖြစ် ပါသနည်း ? ကျွန်တော်တို့တွေ့ရသောအရာမှာတစ်စုံတစ်ရာကို ကျွန်တော်တို့ရရှိပါက နောက်မှအရာက ကျွန်ုပ်တို့ရှေ့မှာ သွားရပါကကျွန်တော်တို့ရှေ့မှာသွားပြီး နေရာပြင်ဆင်မည်ဖြစ်ပါသည်။ ဘုရားကိုကျေးဇူးတင်ပါတယ်။ကျွန်တော်တို့ အမြဲတမ်းမြေပေါ် မှာသာ နေရမည့်သတ္တဝါများမဟုတ်ပါ။

သူသွားပါပြီ။ သူသွားသည်။သူသွားခဲ့ပါသည်။ သူဘာလဲဆိုတာ ကျွန်တော်တို့တွေ့ပါသည်။ ကျွန်တော်တို့နောက်ပြန်လှည့်ကြည့်၍ သူဘာဖြစ်ခဲ့ကြောင်းတွေ့ပါသည်။ သူယနေ့ဘာဖြစ်လဲဆိုတာကျွန်တော်တို့တွေ့ပါတယ်။ သူက ထိုနေ့ရက်မှာ စိတ်ဝိညာဉ်များကိုပိုင်းခြားနားလည်သောသူဖြစ်ပါက သူကနှုတ်ကပတ်တော်ဖြစ်ပါက သူကယနေ့ဒီနေရာ မှာရှိပါကသူသည်စိတ်နှလုံးများကို ပိုင်းခြားနိုင်သူယနေ့တိုင်ဖြစ်နေဆဲဖြစ်ပါသည်။သူဖခင်ကဖြစ်ခဲ့သလို ယခုတည်းဖြစ် နေပါသည်။ ထာဝရတည်း ထိုသို့ဖြစ်နေပါမည်။ သူက ထိုနေရာမှာမေတ္တာကယ်တင်ရှင်ဖြစ်ပါက (သို့) ဖန်ဆင်းရှင်ဖြစ်ပါ သည်။ သူသည် ယနေ့တိုင်ချစ်တတ်သောကယ်တင်ရှင်- ဖန်ဆင်းရှင်ဖြစ်ပါသည်။ ကိုယ်တော်ရှင်က ကျွန်တော်တို့နောက်ကွယ်မှာရှိပါသည်။ ကျွန်ုပ်တို့အထဲမှာ ရှိပါသည်။ ကျွန်ုပ်တို့ရှေ့မှာရှိပါသည်။

လာပါ။ ယုံကြည်ပါ။ သွားပါ။ တစ်စုံတစ်ဦးကိုပြောပါ။

39 ၃၉။ ကျွန်တော်တို့မယုံကြည်ကြပါ။ (သို့) ကျွန်တော်တို့၏ အစဉ်အလာများအားဖြင့် ကျွန်တော်တို့ထိုင်၍သေမနေနိုင် ပါ။ ထ၍ရပ်ပြီး သူတို့ကိုထိုင်ခိုင်းပါ။ တနင်္ဂနွေမနက်ပိုင်းမှာ လုပ်ပါ။ကျွန်တော်တို့၏စိတ်နှလုံးများ ပင်တေကုတ္တေမီးဖြင့် တောက်လောင်နေပါသည်... ကျွန်တော်တို့ ခံမရပ်နိုင်ပါ။ ထိုနည်းအတိုင်းနှစ်ပေါင်းလေးဆယ် ပင်တေကုတ္တေအသင်း တော်မှာ ရှိခဲ့ပါသည်... သို့သော် သင်ကအဖွဲ့အစည်းဖွဲ့စည်းခဲ့ပါသည်။ သတ်ခဲ့ပါသည်။သင်က သတ်ခဲ့ပါသည်။ သင်က ထိုအရာကို ယုံကြည်လိုသူအားသတ်နေပါသည်။ သို့သော်အချို့ကထိုအရာကို မယုံကြည်နိုင်ပါ။ သူတို့ဆက်၍ အသက် ရှင်နေပါသည်။

မီးတိုင်မှာ... ရပ်နေသောနေရာမှာ စခန်းကလေးတစ်ခု၌ ခွင့်ရပါသည်။ သူတို့တဲကိုယာယီသာထိုးပါသည်။ ထိုမီး တိုင်ရွေ့လျားသောအချိန်တိုင်းမှာငင်းတို့မီးတိုင်နှင့်အတူ ရွေ့လျားပါသည်။ လူသာက တွေ့ပါသည်။ သူကတ်သလစ် အသင်းတော်ထဲမှာ ထွက်လာပါသည်။ သို့သော် လူသာသေဆုံးသောအခါမှာ သူတို့ဘာလုပ်ပါသလဲ ? သူတို့ဖွဲ့စည်းကြပါ သည်။ မီးတိုင်ကရွေ့ထွက်လာပါသည်။ ဝက်စလီက နောက်မှလိုက်လာပါသည်။ ဝက်စလီသေဆုံးသောအခါ သူတို့အဖွဲ့အစည်းများ ဖွဲ့စည်းကြပါသည်။ ၎င်းနောက် ဘာဖြစ်ပါသလဲ ? မီးတိုင်က ဆက်လက်ရွေ့လျားပါသည်။ ပင်တေကုတ္တေများ ကလည်း(တကယ်ဘဲ) နောက်ကလိုက်ကြပါသည်- သန့်ရှင်းသောဝိညာဉ်တော်ဗတ္တိဇံ ဖြစ်ပါသည်။

ယခု ပင်တေကုတ္တေမှာအဖွဲ့အစည်းဖွဲ့စည်းကြပါသည်။ မီးတိုင်က ဘာလုပ်ပါသလဲ ? ဆက်လက်လှုပ်ရှားပါသည်။ ပင်တေကုတ္တေများ သေဆုံးကုန်ကြပါသည်။အဘယ်ကြောင့်နည်း။ အတိအကျ အမှန်အကန်ပင်ဖြစ်ပါသည်။

